# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက် | ၂၀၂၁ ခုနှစ်၊ ဧပြီ ၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၈၃)

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်
ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်
(၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်)
(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

၁။ တပ်မတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာစေရန် အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိပါသည်။

၂။ ထို့ပြင် နိုင်ငံတော်အတွက် ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ ဆောင်ရွက်ရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီးသော လက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးရန်ကျန်ရှိသည့် ဆက်လက်ဆွေးနွေးဆဲဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အမြန်ဆုံး ဆက်လက်ဆွေးနွေးနိုင်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့ကိုလည်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

၃။ အဆိုပါ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းအတိုင်း (NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာအောင်

စာမျက်နှာ ၅ ကော်လံ ၁ ❀





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၄/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၄/၂၀၂၁)သို့ တက်ရောက်အမှာစကားပြောကြား

## နွေရာသီတွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် ရေအားလျှပ်စစ်အပြင် ဆိုလာစနစ်ဖြင့် ဓာတ်အားရရှိရေး ပေါင်းစပ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၄/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✱

နောင်တကင်းရာ လူ့ဘဝနေထိုင်နည်းဖြင့် — ဆောင်းပါး (စာ » ၆)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက် — ပြည်တွင်းသတင်း (စာ » ၁၀)

အထည်ချုပ်စက်ရုံများ ရပ်နားထားသော်လည်း စားသောက်ကုန်စက်ရုံအချို့ လည်ပတ်လျက်ရှိ (စာ » ၂၀)

## ထာဝရငြိမ်းချမ်းရေးအာသီသ

တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ ရပ်ဆိုင်းပေးသွားမည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်လိုက်သည်။ ရည်ရွယ်ချက်မှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆွေးနွေးပွဲများ၊ ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ လိုအပ်သည်များအတွက် ဆွေးနွေးပွဲများကျင်းပနိုင်ရေး၊ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်ကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပသွားနိုင်ရေးတို့အတွက် ဖြစ်သည်။

တပ်မတော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍများ အဘက်ဘက်မှ တိုးတက်လာစေရေးဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ထားရာ "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်" ဆိုသည့်အချက်ကိုပါ ထည့်သွင်းထားသည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အမြန်ဆုံးဆက်လက်ဆွေးနွေးနိုင်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့ကို ဖွဲ့စည်းထားရှိပြီးလည်း ဖြစ်သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို ၂၀၁၅ ခုနှစ်အောက်တိုဘာလ ၁၅ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ထိုစဉ်က နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့တို့မှ ခေါင်းဆောင်များက ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဂျပန်စသည့် နိုင်ငံတကာအသိသက်သေများ ရှေ့မှောက်တွင် သမိုင်းဝင်ကမ္ဘာသိလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ NCA သည် ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ၏ အခြေခံအုတ်မြစ်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက စတင်အဆိုပြုခဲ့သည့် အယူအဆနှစ်ရပ်ဖြစ်သည့် တစ်နိုင်ငံလုံးလွှမ်းခြုံသည့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အပစ်ရပ်သဘောတူညီချက်တစ်ခုရှိသင့်သည်ဆိုသော အယူအဆ၊ အပစ်ရပ်ပြီးနောက် သဘောတူညီချက်များကို စောင့်ကြည့်ခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်ရန် အာမခံချက်များ၊ သဘောတူညီချက်များ တိကျစွာမရှိသဖြင့် အပစ်ရပ်လုပ်ငန်းများ ပျက်ပြားခဲ့ရသည့် ဖြစ်ရပ်များကြောင့် ၎င်းအချက်အလက်များကို အချိန်ကာလ သတ်မှတ်ချက်များနှင့် တိတိကျကျ အကောင်အထည်ဖော်ရန် လိုအပ်သည်ဆိုသော အယူအဆတို့ကို အခြေပြုပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

ယင်း NCA လမ်းကြောင်းအတိုင်း တပ်မတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးမှုကော်မတီနှင့် NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေး ပိုမိုခိုင်မာအောင် ဆက်လက်ဆွေးနွေးခြင်း၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လက်မှတ်ရေးထိုးလာနိုင်စေရန် ဆွေးနွေးခြင်း၊ ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ရန် တပ်မတော်က စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ တစ်လတိတိ ရပ်ဆိုင်းပေးထားပြီဖြစ်ရာ ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူအားလုံး၏ တစ်ခဲနက်သော လိုအင်ဆန္ဒဖြစ်သည့် ထာဝရငြိမ်းချမ်းရေး အာသီသကို ဖြည့်ဆည်းပေးနိုင်ကြပါစေကြောင်း။ ။

## ၁၀၈ ဆူ အောင်တော်မူ စေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော် မတ် ၃၁

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သာယာကုန်းကျေးရွာအနီး စဖိုလ်တောင်တော်တွင် တည်ထားကိုးကွယ်သော ၁၀၈ ဆူ အောင်တော်မူ စေတီတော်မြတ်ကြီး၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို မတ် ၂၇ ရက်က ကျင်းပသည်။

ရေးဦးစွာ နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဗေယျာပရိယတ္တိ စာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ် အမှူးရှိသော သံဃာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး အလှူရှင်များက ဆရာတော်ထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ဆက်ကပ်လှူဒါန်းကြကာ စေတီတော်မြတ်ကြီးအား လှည့်လည်ပူဇော်သည်။

ထို့နောက် မင်္ဂလာအချိန်တွင် စေတီတော်မြတ်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ အဆင့်ဆင့်တို့ကို တင်လှူပူဇော်ကြပြီး ဌာပနာတော် သွင်းခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူခြင်းတို့ကို ဆက်လက်ကျင်းပသည်။

စေတီတော်မြတ်ကြီးသည် ဉာဏ်တော်အမြင့် ၆၄ ပေ၊ အလျား ၆၄ ပေ ရှိပြီး အရံစေတီတော်ကြီးလေးဆူနှင့် အရံစေတီတော်အသေး ၁၀၈ ဆူတို့ကိုပါ တစ်ပါတည်း ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ ကပ်လှူပူဇော်ခြင်းများကို ဆက်လက်ဆောင်ရွက်ကြကြောင်း သိရသည်။

သူဇာလှိုင်(စက်မှု)

## ဝန်ထမ်းများ စာအုပ်စာစောင်များ အလွယ်တကူဖတ်ရှုနိုင်ရန် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးလျက်ရှိ

နေပြည်တော် မတ် ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဝန်ကြီးဌာနအသီးသီးရှိ ဝန်ထမ်းများ အသိပညာ ဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ငှားရမ်းဖတ်ရှုနိုင်ရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးလျက်ရှိရာ မတ် ၃၀ ရက်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့သို့လည်းကောင်း၊ ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့သို့လည်းကောင်း စာအုပ်စာစောင်များ ငှားရမ်းပေးခဲ့သည်။

အဆိုပါ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးခြင်းကို "အားလပ်ချိန်မှာ စာဖတ်ပါ" ဆောင်ပုဒ်နှင့်အညီ ဝန်ထမ်းများ အားလပ်ချိန်တွင် စာအုပ်စာပေများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန်၊ ဝန်ထမ်းများ စာပေနှင့် အဆက်မပြတ် ထိတွေ့မှုရှိစေရန် ရည်ရွယ်၍ ဝန်ကြီးဌာန ၂၄ ရုံးနှင့် ဦးစီးဌာန ၂ ရုံး စုစုပေါင်း ဌာန ၂၆ ရုံးတွင် ရက်သတ္တ ၂ ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့် ရုံးဖွင့်ရက်များတွင် သတ်မှတ် နေ့ရက်များအတိုင်း စာအုပ်များ ငှားရမ်းပေးသွားမည် ဖြစ်သည်။

အဆိုပါ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်တွင် သုတ/ရသစာအုပ်ပေါင်း ၆၆၀၀ အုပ်ဖြင့် ဝန်ကြီးဌာနရုံးများအရောက် ငှားရမ်းပေးသည့်အတွက် စာဖတ်သူများအနေဖြင့် စာအုပ်များကို အချိန်မကုန် အလုပ်အကိုင်မပျက်ဘဲ စာပေဖတ်ရှုလေ့လာနိုင်ကြောင်း သိရသည်။

ရွေ့လျား စာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးခြင်းနှင့်ပတ်သက်၍ "ဝန်ထမ်းတွေအနေနဲ့ အားလပ်တဲ့ အချိန်များမှာ စာအုပ်စာပေများကို လေ့လာဖတ်ရှုခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ကျေးဇူးတင်ပါတယ်။ နေပြည်တော်မှာ စာအုပ်ရောင်းတဲ့ဆိုင်တွေသာရှိပြီး စာအုပ်ငှားရမ်းတဲ့ဆိုင်တွေ မရှိသလောက်နည်းပါးပါတယ်။ ဒီလိုအခြေအနေမှာ ယခုလို ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ရုံးဌာနအရောက် လာရောက်ငှားရမ်းပေးတဲ့အတွက် ဝန်ထမ်းတွေအနေနဲ့ အချိန်ကုန်သက်သာပြီး အလုပ်အကိုင်မပျက်ဘဲနဲ့ စာအုပ်စာပေတွေကို ဖတ်ရှုလေ့လာနိုင်ပါတယ်။ ဒီရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်မှာလည်း ယခင်က နာမည်ကြီးခဲ့တဲ့ စာရေးဆရာကြီးတွေရဲ့ စာအုပ်တွေပါရှိသလို ယနေ့ခေတ် နာမည်ရ စာရေးဆရာတွေရဲ့ စာအုပ်များကိုလည်း စုံလင်စွာပါရှိတဲ့အတွက် တစ်နေရာတည်းကနေ စာပေကဏ္ဍစုံကို ဖတ်ရှုလေ့လာခွင့်ရရှိလို့ အင်မတန်ကျေနပ်ဝမ်းသာမိပါတယ်။ ကျေးဇူးလည်းတင်ပါတယ်"ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စာအုပ်ငှားသူတစ်ဦးက ပြောသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ သွားရောက်ငှားရမ်းစဉ်။

ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဝန်ထမ်းများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် ဝန်ကြီးဌာန ၈ ရုံးနှင့် ဦးစီးဌာန ၁ ရုံးတို့တွင်လည်း သံစာအုပ်စင် ၃ စင်နှင့် စာအုပ်ပေါင်း ၃၀၀ စီ ပေးပို့ထားရှိပြီး ၃ လလျှင် တစ်ကြိမ် လဲလှယ်ဖတ်ရှုနိုင်စေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆန်းဝင်း (ပြန်/ဆက်)

## ❍ ပြည်သူတစ်ဦးချင်းစီ၏ စားဝတ်နေရေး ပြည့်စုံကောင်းမွန်ရန်နှင့် အေးချမ်းစွာနေနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ဆောင်ရွက်ပြီး ပြည်သူလူထု ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံအောင် ဆောင်ရွက်ပေးရမည်ဖြစ်

## ❍ ထို့ပြင် ပြည်သူများ၏ စားဝတ်နေရေးနှင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက လုပ်ငန်းဆက်စပ်ဆောင်ရွက်ရသည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ အနေဖြင့်လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်

*** ရွှေဖုံးမှ**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

### မှတ်တမ်းကို အတည်ပြု

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၁) မှတ်တမ်းကို အတည်ပြုသည်။

### နည်းလမ်းပေါင်းစုံမှ အကောင်အထည်ဖော်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် အစိုးရတစ်ရပ်အနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေးအဆင်ပြေစေရေးနှင့် တိုင်းပြည်၏ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရေးအတွက် အဓိကတာဝန်ရှိကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်၍ အသေးစိတ် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့် ကိစ္စများဖြစ်သော်လည်း အချိန်တိုကာလအတွင်း မိမိတို့ကော်မတီအနေဖြင့် စဉ်းစားဆုံးဖြတ် အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ဆောက်ရာတွင် ဦးတည်ချက်စစ်ကူးကို ဦးစွာတည်ဆောက်ပြီး ဖြစ်နိုင်သည်များကို နည်းလမ်းပေါင်းစုံမှ အကောင်အထည်ဖော် တည်ဆောက်ရခြင်းဖြစ်ကြောင်း။

### ရွေးချယ်စိုက်ပျိုးရန်လို

ပြည်သူတစ်ဦးချင်းစီ၏ စားဝတ်နေရေး ပြည့်စုံကောင်းမွန်ရန်နှင့် အေးချမ်းစွာနေနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ဆောင်ရွက်ပြီး ပြည်သူလူထု ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူများ၏ စားဝတ်နေရေးနှင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက လုပ်ငန်းဆက်စပ်ဆောင်ရွက်ရသည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့်လည်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းပြည်၏ စားဝတ်နေရေးဖူလုံရန် မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ "အူမတောင့်မှ သီလစောင့်မည်" ဆိုသည့်အတိုင်း စားရေးသည် အရေးကြီးသဖြင့် ဝမ်းစာဖူလုံရေးသည် အရေးကြီးကြောင်း၊ ကမ္ဘာပေါ်တွင် အဓိကစားသုံးသည်မှာ ဆန်နှင့် ဂျုံဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်ရှိ မြေသယံဇာတများကို အသုံးပြု၍ ဆန်၊ ပဲ၊ ဆီနှင့် အခြားဒေသနှင့်ကိုက်ညီသော သီးနှံများကို ရွေးချယ်စိုက်ပျိုးရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် ဆီဖူလုံမှုရှိသော်လည်း စားသုံးရန်နှင့် စက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်ပနိုင်ငံများမှ စားအုန်းဆီ တင်သွင်းနေရမှုများရှိကြောင်း၊ မိမိတို့နိုင်ငံရှိ ဆီအုန်းစိုက်ပျိုးမှုများကို တနင်္သာရီတိုင်းအောက်ပိုင်းတွင် အောင်မြင်အောင်ပြုလုပ်၍ ပြည်ပမှ ဆီတင်သွင်းမှုများကို လျှော့ချနိုင်ပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဆီများ ကြိတ်ခွဲထုတ်လုပ်ရာတွင်လည်း နည်းပညာ လိုအပ်ချက်များရှိသဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

### လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်

မိမိတို့နိုင်ငံ၏ တစ်နိုင်ငံလုံး ဆန်ဖူလုံမှုအနေဖြင့် ၁၃၃ ရာခိုင်နှုန်းရှိသော်လည်း ချင်းပြည်နယ်တွင် ၄၀ ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၆၂ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၇၀ ရာခိုင်နှုန်း ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၆၈ ရာခိုင်နှုန်းသာ ဖူလုံမှုရှိကြောင်း၊ ဒေသအလိုက် စားသောက်ကုန်များဖူလုံအောင် စိုက်ပျိုးထုတ်လုပ်၍ ပြင်ပသွင်းကုန်များ လျှော့ချခြင်းဖြင့် ငွေကြေးသုံးစွဲမှုကို လျှော့ချနိုင်ကြောင်း၊ ထို့ကြောင့် ဒေသတွင်းငွေကြေးပိုင်ဆိုင်မှုများပြားလာပြီး သုံးလိုအားနှင့် ဝယ်လိုအားကောင်းမွန်လာမည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသအလိုက် ဝမ်းစာဖူလုံအောင်ဆောင်ရွက်ခြင်းဖြင့် ငွေကြေးလည်ပတ်မှုကောင်းမွန်လာပြီး ဒေသစီးပွားရေးတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စားကုန်၊ သောက်ကုန်၊ သုံးကုန်များကို ပြည်တွင်း၌သာ ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ တိုင်းပြည်ကြွယ်ဝချမ်းသာမှုသည် ဘဏ္ဍာငွေပိုင်ဆိုင်မှု၊ GDP မြင့်မားမှု၊ လုပ်ငန်းလည်ပတ်သုံးစွဲငွေကြေးများပြားမှုနှင့် နိုင်ငံပိုင် အရန်ငွေကြေးပိုင်ဆိုင်မှုတို့အပေါ်တွင် မူတည်ကြောင်း။

### ဝန်ကြီးဌာနအလိုက် ပေါင်းစပ်ညှိနှိုင်း

နိုင်ငံ၏ စီးပွားရေးကောင်းမွန်ရန်အတွက် အဓိကအခြေခံလိုအပ်ချက်ဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များသည် ပညာရည်မြင့်မားရန်နှင့် ကျန်းမာရေးကောင်းမွန်နေရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ကော်မတီမှ ရှိပြီး မဟာဗျူဟာများအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့သည် နိုင်ငံတော်အတွက် အရေးကြီးသည့် အဖွဲ့အစည်းဖြစ်ပြီး ကာလတိုအတွင်း ဆောင်ရွက်ခြင်းဖြစ်သော်လည်း ရရှိသည့် အချိန်ကာလအတွင်း တိုင်းပြည်တိုးတက်ရေးအတွက် သာမန်မျှမစဉ်းစားဘဲ ထဲထဲဝင်ဝင် စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ယခင်အစိုးရကာလကျန်ရှိသည့် လုပ်ငန်းများကိုလည်း မှန်မှန်ကန်ကန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

### သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက် ရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဘဏ္ဍာငွေအရအသုံးစာရင်းလျာထားရာတွင် အမှန်တကယ် ရငွေ၊ သုံးငွေများကို သေချာစွာ စိစစ်ရန်လိုအပ်ပြီး မဖောင်းပွရန် လိုအပ်ကြောင်း၊ ထို့ပြင် အမှန်တကယ် လိုအပ်သည်ကိုသာ လျာထားရန်လိုအပ်ပြီး တိုင်းပြည်အတွက် အရှုံးမဖြစ်စေလိုကြောင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စည်းစနစ်တကျ သုံးစွဲရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားဝယ်ယူရေးနှင့် ပတ်သက်၍ တိုင်းပြည်နစ်နာမှုမရှိစေရေး စိစစ်ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍကို အားပေးလိုကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားသည် အရေးကြီးသည့် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ နွေရာသီတွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် ရေအားလျှပ်စစ်အပြင် ဆိုလာစနစ်ဖြင့် ဓာတ်အားရရှိရေး ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကာလတိုအတွင်း ဒေသအလိုက် လျှပ်စစ်ဓာတ်အား အလုံအလောက်ရရှိနိုင်ရေး ဦးစားပေးဆောင်ရွက်စေလိုကြောင်း။

နိုင်ငံခြားသားများ အမြဲတမ်းနေထိုင်ခွင့်နှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် တိုင်းပြည်အတွက် အမှန်တကယ် အကျိုးရှိမည့်သူများဖြစ်ရန် လိုပြီး တရားဥပဒေနှင့်အညီ နေထိုင်ခြင်း ရှိ/ မရှိ သေချာစွာ စိစစ်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပရောက်မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လက်ခံရာတွင်လည်း ၎င်းတို့အနေဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိရန်လိုပြီး Dual Citizen မဖြစ်ရန် လိုအပ်ကြောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ သေချာစွာ စိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### မှန်မှန်ကန်ကန် ထိန်းသိမ်းဆောင်ရွက်

လမ်းအသုံးပြုခကောက်ခံခြင်းနှင့် ပတ်သက်၍ အသက်သာဆုံးဖြစ်အောင် ဆောင်ရွက်ပေးထားကြောင်း၊ လမ်းမကြီးများ ဥပဒေအရ လမ်းနယ်များ စနစ်တကျရှိရန် လိုအပ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက မှန်မှန်ကန်ကန် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ လမ်းညွှန်အမှတ်အသားများကို စည်းကမ်းနှင့်အညီ ပြည့်စုံစွာ တပ်ဆင်ထားရန်လိုကြောင်း၊ လမ်းနယ်များနှင့် စိုက်ပျိုးမြေများတွင် အဆောက်အဦများ ဆောက်လုပ်လျက်ရှိပြီး လယ်မြေများ၊ စိုက်ပျိုးမြေများကိုလည်း

*စာမျက်နှာ ၄ သို့*

> "မိမိတို့နိုင်ငံရှိ ဆီအုန်းစိုက်ပျိုးမှုများကို တနင်္သာရီတိုင်းအောက်ပိုင်းတွင် အောင်မြင်အောင်ပြုလုပ်၍ ပြည်ပမှ ဆီတင်သွင်းမှုများကို လျှော့ချနိုင်ပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်၊ ဆီများ ကြိတ်ခွဲထုတ်လုပ်ရာတွင်လည်း နည်းပညာလိုအပ်ချက်များရှိသဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်"

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

စာမျက်နှာ ၃ မှ

❖ ဘဏ္ဍာငွေအရအသုံးစာရင်း လျာထားရာတွင် အမှန်တကယ် ရငွေ၊ သုံးငွေများကို သေချာစွာစိစစ်ရန် လိုအပ်ပြီး မဖောင်းပွရန်လိုအပ်၊ ထို့ပြင် အမှန်တကယ် လိုအပ်သည်ကိုသာ လျာထားရန်လိုအပ်ပြီး တိုင်းပြည်အတွက် အရှုံးမဖြစ်စေလို၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စည်းစနစ်တကျသုံးစွဲရန်လို၊ လျှပ်စစ်ဓာတ်အား ဝယ်ယူရေးနှင့် ပတ်သက်၍ တိုင်းပြည်နစ်နာမှုမရှိစေရေး စိစစ်ဆောင်ရွက်ရန်လို

အခြားနည်းများဖြင့် အသုံးချဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ယင်းတို့ကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများကို ခွင့်ပြုပေးထားပြီးဖြစ်ပြီး ထုတ်ပြန်ထားသည့် COVID – 19 ဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ပြည်သူများ နားလည်သဘောပေါက်သိရှိအောင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးရန်လိုကြောင်း။

ဒေသဝမ်းစာဖူလုံရေးအတွက် ဒေသနှင့် ကိုက်ညီသည့် မျိုးနှင့် စိုက်ပျိုးနည်းစနစ်များကို သုတေသနပြုရှာဖွေဖော်ထုတ် ဆောင်ရွက်ပေးရန် လိုကြောင်း၊ ဒေသဝမ်းစာမဖူလုံသော တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဦးစားပေးပြီး သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် သုတေသနနှင့် ဖွံ့ဖြိုးရေး (R & D) မှာ အလေးထား ဆောင်ရွက်ရန်လိုသဖြင့် ကုန်သွယ်ရေး စီးပွားရေး လုပ်ငန်းများတွင်လည်း သုတေသနလုပ်ငန်းများ ပြုလုပ်၍ နည်းလမ်းရှာဖွေ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# (၂၅) ကြိမ်မြောက် အာဆီယံ လူမှုရေး- ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃၁

(၂၅) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများအဆင့် အစည်းအဝေးကို ၂၀၂၁ ခုနှစ်၏ အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘရူနိုင်းနိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကြီးမှူး၍ ယနေ့မွန်းလွဲ ၁ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)





ပါဝင်တက်ရောက်

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးဖြစ်သော သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်ကြသည်။

အတည်ပြုဆွေးနွေးခဲ့

အစည်းအဝေး၌ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ ဦးစားပေးကဏ္ဍများ၊ ၂၀၂၁ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ၊ (၃၈) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အာဆီယံခေါင်းဆောင်ကြီးများက အတည်ပြုမည့် ကြေညာချက်များနှင့် မှတ်တမ်းတင်ရှိမည့် လုပ်ငန်းစဉ်များကို အတည်ပြုဆွေးနွေးခဲ့ကြသည်။

(၃၈) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုမည့် နိုင်ငံတည်ဆောက်မှုနှင့် အသိုက်အဝန်းတိုးတက်ရေးအတွက် မိသားစုများအရေးပါမှုအပေါ် အာဆီယံခေါင်းဆောင်များ၏ သဘောထားကြေညာချက်အပါအဝင် လုပ်ငန်းစဉ် (၇)ခုနှင့် ၂၀၂၁-၂၀၂၅ အတွင်း ရွှေ့ပြောင်းသွားလာမှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ အာဆီယံ ကြေညာချက်ဖော်ဆောင်နိုင်ရေး ဒေသစီမံချက်၊ အာဆီယံဖွံ့ဖြိုးတိုးတက်မှု အလားအလာ အစီအစဉ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၊ အာဆီယံ-ဖီဖာနားလည်မှု စာချွန်လွှာ ချုပ်ဆိုရေးအတွက် နှစ်စဉ်ပူးပေါင်းဆောင်ရွက်ရေး စီမံချက်တို့အပါအဝင် အာဆီယံရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီရင်ခံစာ၊ ၂၀၂၁-၂၀၂၅ ခုနှစ်အတွင်း အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ လုပ်ငန်းအစုအဖွဲ့များ၏ လုပ်ငန်းစီမံချက်နှင့် အစီအစဉ်များ အပါအဝင် လုပ်ငန်းစဉ် (၂၃)ခုအား မှတ်တမ်းတင်ရှိရေး အတည်ပြုဆွေးနွေးခဲ့ကြသည်။

လုပ်ငန်းစဉ်(၂)ခုကို အတည်ပြု

ထို့ပြင် (၂၄) ကြိမ်မြောက် အာဆီယံ+(၃) ထိပ်သီး အစည်းအဝေးနှင့် (၁၆) ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးများတွင် အတည်ပြုမည့် လုပ်ငန်းစဉ်(၂)ခုကို အတည်ပြု ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ ၂၀၂၁ ခုနှစ်အတွက် ဆောင်ပုဒ်အဖြစ် သတ်မှတ်ထားသော (We Care, We Prepare, We Prosper) ခေါင်းစဉ်ဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်ကာလအတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များသည် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ ဦးစားပေးလုပ်ငန်းများဖြစ်သော ပြည်သူကိုဗဟိုပြုပြီး ကြံ့ကြံ့ခံနိုင်သော အာဆီယံနှင့် သက်ဆိုင်သည့် လုပ်ငန်းများပါဝင်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ အာဆီယံစည်းမျဉ်းစည်းကမ်း နည်းလမ်းများနှင့်အညီ မိမိတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ထောက်ပံ့ဆောင်ရွက်မှုများကြောင့် ၂၀၂၅ ခုနှစ် အာဆီယံအသိုက်အဝန်းသို့သွားရောက်နေသည့်လမ်းကြောင်းတစ်ဝက်တွင် ရောက်ရှိနေပြီဖြစ်ပါကြောင်း။

ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ကိုဗစ်-၁၉ ကာလအတွင်း နှစ်လယ်အစီရင်ခံစာ ၂၀၁၆-၂၀၂၀ ကို အောင်မြင်စွာ ရေးသားပြုစုနိုင်ရေးအတွက် SOCA အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၏ ကြိုးပမ်းအားထုတ်မှုများအပေါ်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ASCC ၏ ဆက်စပ်လုပ်ငန်းအစုအဖွဲ့များအနေဖြင့် ပြီးမြောက်ခဲ့သော နှစ်လယ်အစီရင်ခံစာမှ ရလဒ်များကို အခြေခံပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ပိုမိုပြည့်စုံပြီး မဟာဗျူဟာမြောက်သော သက်ဆိုင်ရာ လုပ်ငန်းအစီအစဉ်အသစ်များကို ရေးဆွဲနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အခြားကမ္ဘာ့နိုင်ငံများနှင့်အတူ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကို ရင်ဆိုင်ကျော်လွှားနိုင်ရန် အပြင်းအထန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့အနေနှင့်လည်း အဆိုပါကပ်ရောဂါဖြစ်ပွားမှုကို ကျော်လွှား၍ ရှေ့ရောင်အနာဂတ်များ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသအတွင်း ပြည်သူများ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆင်းရဲမွဲတေမှုပပျောက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိစေရေးအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖြစ်ပေါ်စေရန် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းနိုင်မာ တိုးတက်စေရေး အပြည့်အဝထောက်ခံကြောင်း ဆွေးနွေးပြောကြားသည်။

သတင်းစဉ်

# မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်သည် COVID–19 ရောဂါဖြစ်ပွားနေချိန်ဖြစ်ပြီး social distancing နှင့်အညီ မဲပေးမှုများ ဆောင်ရွက်ခဲ့ရကြောင်း၊ မဲပေးမှုမှာ ၇၁ ရာခိုင်နှုန်းဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ မဲစာရင်းရလဒ်များကို စစ်ဆေးခဲ့ရာတွင်လည်း ကွာဟမှုများစွာတွေ့ရှိခဲ့ရပြီး တွေ့ရှိချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ထိုသို့ မဲစာရင်းလွဲမှားနေမှုများကို ပြန်လည်စိစစ်ပေးရန် အကြိမ်ကြိမ်ပြောဆိုခဲ့ကြောင်း၊ မြိတ်မြို့နယ်တွင် မဲမသမာမှုပေါင်း ၅ သောင်းကျော်နှင့် ကျွန်းစုမြို့နယ်တွင် မဲမသမာမှုပေါင်း ၃ သောင်းကျော်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုပါက ၁၀ သန်းကျော် ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့်လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့် စာမေးပွဲကို မတန်တဆ အမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မ ကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်၏တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဖွဲ့စည်းရာတွင်လည်း တပ်ဘက်၊ အရပ်ဘက် မျှတအောင် ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်စီဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာ ဖွဲ့စည်းပေးခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

❊ ရှေ့ဖုံးမှ

ဆက်လက်ဆွေးနွေးခြင်း၊ (NCA) လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား လက်မှတ်ရေးထိုးနိုင်သည်အထိ ဆက်လက်ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ရေး၊ ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ လိုအပ်သည်များအား ဆက်လက်ဆွေးနွေးသွားနိုင်ရေးနှင့် မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်အား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID- 19 ရောဂါစည်းကမ်းချက်များနှင့်အညီ ကျင်းပသွားနိုင်ရေးတို့အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ ရပ်ဆိုင်းပေးသွားမည်ဖြစ်သည်။

၄။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေကြသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားလုံးအနေဖြင့် တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီလမ်းစဉ်ကို နည်းမှန်လမ်းမှန် လျှောက်လှမ်းနိုင်ရေးတို့အတွက် တပ်မတော်မှ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ တိုးမြှင့်ရပ်စဲပေးထားသည့်ကာလများကို ယခင်ကထက် ပိုမိုထိရောက်အကျိုးရှိစွာ အသုံးပြု၍ ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ အားကောင်းလာနိုင်

နေပြည်တော် မတ် ၃၁

ယနေ့ညနေ ၆ နာရီခွဲ တိုင်းတွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ကပ္ပလီပင်လယ်ပြင်အလယ်ပိုင်းသို့ ရောက်ရှိနိုင်ပြီးနောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ၃၁-၃-၂၀၂၁ ရက်မှ ၅-၄-၂၀၂၁ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ချေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် ကိုယ်ပိုင်ဈေး City Mart များ ဖွင့်လှစ်ရောင်းချလျက်ရှိရာ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိ ကိုယ်ပိုင်ဈေး City Mart တွင် မတ် ၃၁ ရက်က ဖွင့်လှစ်ရောင်းချနေသည်ကို တွေ့ရစဉ်။

သတင်းစဉ်



# နှောင်တကင်းရာ လူ့ဘဝနေထိုင်နည်းဖြင့်

**သိန်းထွန်း (IR)**

လူတစ်ယောက်အဖြစ် မွေးလာသည့်နေ့မှစ၍ တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီး တစ်လ၊ တစ်နှစ်ပြီး တစ်နှစ် ဖြတ်သန်းကျော်ဖြတ်နေချိန် အတွင်း မိမိဘဝကို သတိမူ ဆင်ခြင်မိသည်များလည်း ရှိကြပါမည်။ သတိမမူမိသည်များလည်း ရှိကြပေလိမ့်မည်။ အများအားဖြင့် မိမိတို့သည် ရလာသည့် ဘဝအချိန်များတွင် မိမိဘဝ စိတ်ကျေနပ်မှုယ် လောကီရေးရာ ကိစ္စများအတွက် အချိန်ကုန်ဆုံးနေကြသည်က များတတ်ကြပါ၏။

ကိစ္စမြားမြောင်၊ လူတို့ဘောင်၌၊ အိမ်ထောင်သက်မွေး၊ ခြံနှယ်မြေးသား၊ လူရေး ကျယ်စွာ၊ အဖြာဖြာကို .... ဆိုသည့် လောကသာရပျို့တွင် ဆိုထားသကဲ့သို့ လူတစ်ဦး၏ ဘဝများဆိုသည်ကလည်း လူမှုကိစ္စများပြားလှသည်။ ထိုလောကီရေးရာအဖြာဖြာတွင် နှစ်မွန်းကျရင်းကုန်ဆုံးခဲ့ရသည့် အချိန်ကာလများလည်း ကြာညောင်း နေတတ်ကြပေသည်။ လူ့ဘဝတွင်ကျင်လည်ပါက လူမှုကိစ္စများနှင့် မကင်းနိုင်သည်မှာ သဘာဝပင် ဖြစ်ပါ၏။ လောကီရေးရာကိစ္စများကင်းရန်ဆိုပါလျှင် လောကီရေးရာများကို စွန့်လွှတ်၍ လောကုတ္တရာသို့ ကူးပြောင်းရန်သာ ရှိပေလိမ့်မည်။ သို့သော်လည်း သံယောဇဉ်နှောင်ကြိုးနှင့် လောကီအာရုံကာမဂုဏ်အသီးသီးကြားတွင် အပြောလွယ်သလောက် အလုပ်ခက်တတ်ကြပါသည်။

### မိမိတို့အားလုံး တစ်နေ့သေဆုံးကြရပေလိမ့်မည်

မိသားစုအသိုက်အဝန်း၊ လူ့အသိုက်အဝန်းနှင့် နေထိုင်လာကြရသည့်အခါ မလွဲမရှောင်သာ မိမိဘဝရပ်တည်ရေးအတွက် နေထိုင်စားသောက်ရေး အခြေခံလိုအပ်ချက်များသာမက လူတန်းစေ့ရေးမှ အဆင့်အတန်းမြင့်မြင့် နေထိုင်ရေးအဆုံး ငွေကြေး၊ ဥစ္စာ၊ ရာထူး၊ အာဏာနှင့် ဂုဏ်ဒြပ်များ ပိုမိုတိုးပွားရေး လုပ်ဆောင်တတ်ကြသည်။ ထိုမှတစ်ဆင့် အတောမသတ်နိုင်သော မတော်လောဘများဖြင့် ဘဝကို တည်ဆောက်လာတတ်ကြပေသည်။ ထိုသို့ လုပ်ဆောင်ကြရာတွင် မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြား နေထိုင်ကျင်လည်ရသည့် လူ့ဘဝအပေါ် လူတစ်ဦးနှင့် တစ်ဦး၏ ရှုမြင်ပုံ၊ ခံယူပုံ၊ ကျင်လည်ပုံ၊ ဖြတ်သန်းပုံတို့ ကွဲပြားကြပါ၏။ အသက်ရှင်နေရသည့် လူ့ဘဝအချိန်ကာလဖြတ်သန်းသည့်ပုံစံ မည်မျှကွဲပြားစေကာမူ လူသားအားလုံးအတွက် တူညီသည်မှာ တစ်နေ့တွင်သေဆုံးခြင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ မိမိတို့အားလုံး တစ်နေ့သေဆုံးကြရပေလိမ့်မည်။ မည်သူမျှ ရှောင်လွှဲမရသော လောကသတ်မှတ်ချက်ပင် ဖြစ်ပါ၏။

လူတစ်ယောက်၏ဘဝဆိုသည်က ၎င်းအသက်ရှင်နေထိုင်ရသည့် လူ့သက်တမ်းလည်း ဖြစ်ပါ၏။ လူတစ်ယောက်၏ သက်တမ်းသည် တစ်ဦးနှင့်တစ်ဦး မတူညီတတ်ကြ။ မြန်မာနိုင်ငံတွင်မူ ပျမ်းမျှလူ့သက်တမ်းသည် ၂၀၁၇ ခုနှစ်က ၆၆.၅၆ နှစ်ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် ပျမ်းမျှလူ့သက်တမ်းသည် ၈၄.၁၀ နှစ် ဖြစ်ပါသည်။ သက်တမ်း ၁၀၀ ကျော်အထိ နေထိုင်ရသူများရှိသကဲ့သို့ ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးခဲ့ရသူများလည်း ရှိကြသည်။ လူတစ်ယောက် အသက်မည်မျှအထိ နေထိုင်ရမည်ဆိုသည်ကို မည်သူမှ မသိနိုင်။ တရားအလုံးစုံကို ဆရာမကူ ကိုယ်တိုင်သိတော်မူသော သဗ္ဗညုတဘုရား မြတ်စွာဘုရားသည်ပင် သက်တော် ၈၀၊ ဝါတော် ၄၅ ဝါအရတွင် ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပါ၏။ သံသရာမဆိုထားနှင့် ကမ္ဘာကြီး၏သက်တမ်းနှင့်တိုင်းတာလျှင်ပင် လူ့သက်တမ်းဆိုသည်က တိုတောင်းလွန်းလှသည်။ မိမိတို့နေထိုင်ရာ ကမ္ဘာကြီးသည်ပင် သက်တမ်းအားဖြင့် နှစ်ပေါင်း ၄.၅ ဘီလီယံရှိပြီဟု ဆိုပါသည်။ သို့ဖြစ်၍လည်း လူ့ဘဝဆိုသည်မှာ သမုဒ္ဒရာရေချက်နှာထက် ခဏတက်သည့် ရေပွက်ပမာ တစ်သက်လျှာ တည်း .. ဟုဆိုခြင်း ဖြစ်ပေသည်။

### ဘဝနိဂုံးတွင် အချည်းနှီးဘဝများသာ ဖြစ်ကြရ

သို့သော်လည်း မိမိတို့သည် ထိုခဏတာကာလအတွင်းမှာပင် အို နာ သေ ဘေး မတည်မြဲခြင်းသဘောကို မျက်ကွယ်ပြု၍ လောဘ၊ ဒေါသ၊ မောဟ တရားတို့နှင့် ကျင်လည်တတ်ကြ၊ နှစ်မွန်းတတ်ကြသည်။ ယင်းသို့ကျင်လည်ကြရင်းပင် အနိစ္စ မမြဲခြင်းတရား၊ ဒုက္ခ ဆင်းရဲခြင်း တရား၊ အနတ္တ အစိုးမရခြင်းတရားဟူသည့် လက္ခဏာရေး သုံးပါးနှင့်ကင်းဝေးရာ ငါနှင့်ငါသာ နိုင်းယှဉ်ရာဖြင့် ကျင်လည်နေကြမည်ဆိုပါက ဘဝနိဂုံးတွင် အချည်းနှီးဘဝများသာ ဖြစ်ကြရပေလိမ့်မည်။ ယင်းနှင့် ပတ်သက်၍ ကမ္ဘာကျော် အလက်ဇန္ဒားဘုရင်ကြီး၏ ဘဝနိဂုံးမှာကြားချက်မှာ သံဝေဂယူစရာပင် ဖြစ်၏။

မဟာအလက်ဇန္ဒားဟု ကျော်ကြားသော တတိယမြောက်အလက်ဇန္ဒား (Alexander III) သည် မက်ဆီဒိုနီယားဘုရင်ဖြစ်ပြီး ဂရိမြို့ပြနိုင်ငံများနှင့် ပါရှန်အင်ပါယာကို အောင်နိုင်ခဲ့သူ ဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်ဖြင့် ဘဝတစ်လျှောက်လုံး ထူးခြားသည့် စွမ်းဆောင်မှုများကို ဆောင်ရွက်နိုင်ခဲ့သူ ဖြစ်ပါသည်။ ဥရောပအနောက်ပိုင်းမှ အာရှအရှေ့ဖျားထိ ကျော်ကြားခဲ့သူလည်း ဖြစ်သည်။ အလက်ဇန္ဒားဘုရင်ကြီးသည် ဂရိတွေးခေါ်ပညာရှင်ကြီး အရစ္စတိုတယ်ရဲ့ တပည့်တစ်ဦးလည်း ဖြစ်သည်။ အလက်ဇန္ဒား ဘုရင်ကြီးသည် သေခါးနီးအချိန်တွင် ၎င်းဖြစ်လိုသည့်ဆန္ဒ ၃ ခုအား ပြုလုပ်ပေးရန် တောင်းဆိုခဲ့သည်ဟု ဆိုပါ၏။

ယင်းဆန္ဒ ၃ ခုမှာ – ငါရဲ့ ပထမဆုံးဆန္ဒက သင်္ချိုင်းမယ့်နေရာကို သယ်ယူသွားတဲ့ ငါ့အလောင်းထည့်ထားတဲ့ အခေါင်းကို ငါ့ကို ဆေးကုသပေးခဲ့တဲ့ ဆေးဆရာတွေကို ထမ်းပိုးသယ်နိုင်းပါ။ ဒုတိယဆန္ဒက ငါ့အခေါင်းကိုသယ်ယူတဲ့ လမ်းတစ်လျှောက်မှာ ငါစစ်တိုက်ရင်း စုဆောင်းရရှိထားတဲ့ ရွှေ ငွေ ကျောက်သံပတ္တမြား အားလုံးကိုခင်းထားပေးပါ။ တတိယဆန္ဒက ငါ့ကို သယ်တဲ့အခေါင်းရဲ့ ဘေးနှစ်ဖက်မှာ အပေါက်တစ်ပေါက်စီ ဖောက်ထားပြီး ငါ့လက်နှစ်ဖက်ကို အပြင်မှာ တန်းလန်းထုတ်ထားပါ ဟုဆိုပါသည်။

### ထွက်ခွာချိန်မှာ လက်ဗလာချည်းပဲဆိုတာ

အလက်ဇန္ဒားဘုရင်၏ ဆန္ဒ ၃ ခု၏ ဆိုလိုရင်းမှာ ငါ့ရဲ့ပထမဆန္ဒဖြစ်တဲ့ ဆေးဆရာတွေကို အခေါင်းထမ်းခိုင်းတဲ့ ရည်ရွယ်ချက်က ဆေးဆရာတွေဟာ လူတိုင်းကို သေမင်းလက်က မကယ်တင်နိုင်ဘူး။ ဒါကြောင့် တိုင်းသူပြည်သားတွေဟာ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ကြဖို့ပါ။ ဒုတိယဆန္ဒဖြစ်တဲ့ ရွှေငွေတွေကို ငါ့အလောင်းသယ်တဲ့လမ်းမှာ ခင်းထားခိုင်းတာက ... ငါဟာ ကမ္ဘာကြီးကို အုပ်စိုးနိုင်ခဲ့ပေမယ့် ငါသေတော့ ငါစုထားတဲ့ ရတနာတွေထဲက ရွှေတိုတစ်စတောင် ယူမသွားနိုင်ဘူး။ ဒါကြောင့် ပြည်သူတွေကို ပစ္စည်းဥစ္စာနောက်ကိုပဲ လိုက်မနေဖို့ သတိပေးချင်လို့ပါ။ တတိယဆန္ဒဖြစ်တဲ့ ငါ့လက်နှစ်ဖက်ကို အခေါင်းပေါက်တွေကနေ ထုတ်ခိုင်းထားတာက ပြည်သူတွေကို သိစေချင်တယ်။ ဒီကမ္ဘာကြီးကို ငါရောက်လာတုန်းကနဲ့ ထွက်ခွာချိန်မှာ လက်ဗလာချည်းပဲ ဆိုတာပါ။ (ဇန်းမော်သိန်းဖေ မျှဝေလိုသော အတွေးများ-၂)

ထိုသို့ဆိုလျှင် မိမိတို့သည်လည်း သေလွန်ချိန်တွင် မည်သည့်အရာများ သယ်ဆောင်သွားနိုင်ပါမည်နည်း။ လာစဉ်ကလည်း လက်ချည်းဗလာဖြစ်သကဲ့သို့ ပြန်ရမည် ဆိုပါကလည်း လက်ချည်းဗလာသာ ဖြစ်ပေလိမ့်မည်။ လူ့ဘုံလောက ပစ္စုပ္ပန်ဘဝ နေထိုင်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ကြရမည်မှာ လူသားတစ်ဦးအတွက် မှန်ကန်သော်လည်း ယခုတစ်ဘဝစာအတွက်သာ ရှုမြင်ခြင်းထက် ပစ္စုပ္ပန်နှင့် သံသရာ၊ အတ္တနှင့်ပရ ချိန်ဆနေထိုင်ခြင်းဖြင့် မိမိအကျိုး၊ အများအကျိုး၊ သံသရာအကျိုး များနိုင်ပေလိမ့်မည်။ သို့မဟုတ်ပါပဲ အတ္တများဖြင့် ပစ္စုပ္ပန်ဘဝ သာယာပျော်ရွှင်မှု၊ ကျေနပ်မှု၊ ရယူလိုမှုတို့သာ ယှဉ်တွဲနေထိုင်ကြမည်ဆိုပါလျှင် အဆင့်နိမ့်လူသားဘဝဟုသာ ဆိုရချိမ့်မည်။

စာမျက်နှာ ၇ သို့

**"အလက်ဇန္ဒားဘုရင်၏ ဆန္ဒ ၃ ခု၏ ဆိုလိုရင်းမှာ ငါ့ရဲ့ပထမဆန္ဒဖြစ်တဲ့ ဆေးဆရာတွေကို အခေါင်း ထမ်းခိုင်းတဲ့ ရည်ရွယ်ချက်က ဆေးဆရာတွေဟာ လူတိုင်းကို သေမင်းလက်က မကယ်တင်နိုင်ဘူး။ ဒါကြောင့် တိုင်းသူပြည်သားတွေဟာ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ကြဖို့ပါ။ ဒုတိယဆန္ဒဖြစ်တဲ့ ရွှေငွေတွေကို ငါ့အလောင်းသယ်တဲ့လမ်းမှာ ခင်းထားခိုင်းတာက ...ငါဟာ ကမ္ဘာကြီးကို အုပ်စိုးနိုင်ခဲ့ပေမယ့် ငါသေတော့ ငါစုထားတဲ့ ရတနာတွေထဲက ရွှေတိုတစ်စတောင် ယူမသွားနိုင်ဘူး။ ဒါကြောင့် ပြည်သူတွေကို ပစ္စည်းဥစ္စာနောက်ကိုပဲ လိုက်မနေဖို့ သတိပေးချင်လို့ပါ။ တတိယဆန္ဒဖြစ်တဲ့ ငါ့လက်နှစ်ဖက်ကို အခေါင်းပေါက်တွေကနေ ထုတ်ခိုင်းထားတာက ပြည်သူတွေကို သိစေချင်တယ်။ ဒီကမ္ဘာကြီးကို ငါရောက်လာတုန်းကနဲ့ ထွက်ခွာချိန်မှာ လက်ဗလာချည်းပဲ ဆိုတာပါ"**

**"လူ့ဘဝကို မိမိ လိုဘအတ္တများချည်းသက်သက်နှင့် အသက်ရှင်နေထိုင်ကြသည် များလည်း ရှိကြပါ၏။ အတ္တ၊ ပရ မျှတစွာအသက်ရှင်နေထိုင်ကြသူများလည်း ရှိကြပါ၏။ ပရသက်သက် ပေးဆပ်မှုများဖြင့် နေထိုင်အသက်ရှင်ကြသူများလည်း ရှိကြပါ၏။ အများအားဖြင့် ဘဝအသက်ရှင် ရပ်တည်ရေးအတွက် စားဝတ်နေရေး ပိုကောင်းသည်ထက်ကောင်းအောင် ကြိုးပမ်းကြရင်း ဆင်သေကောင်ထက်မှ ကျီးမိုက်ပမာ ကြာလေနစ်မွန်းလေ ဖြစ်လာတတ်ကြပါသည်။ ထိုသို့နှစ်မွန်းလာပြီး တစ်ချိန်တွင် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့နှင့် ရင်ဆိုင်ကြရမည်မှာ မလွဲချေ။ ထိုသဘောကို မိမိတို့သည် သိပြီးဖြစ်သော်လည်း ထိုသဘောမှကျော်လွှန်၍ ဆင်ခြင်ရန်နှင့် ကျင့်ကြံအားထုတ်ရန် မေ့လျော့တတ်ကြပါသည်"**

# ဒုတိယဝန်ကြီး ဦးမင်းထိန် ပုသိမ်ကြီးမြို့နယ်တွင် တည်ဆောက်လျက်ရှိသော မန္တလေးပညာ့ရိပ်သာအိမ်ရာစီမံကိန်းနှင့် မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာစီမံကိန်းများ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် မတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မန္တလေးနည်းပညာတက္ကသိုလ်တွင် တည်ဆောက်လျက်ရှိသော မန္တလေးပညာ့ရိပ်သာ အိမ်ရာစီမံကိန်း တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့ကို မန္တလေးပညာ့ရိပ်သာ စီမံကိန်းတည်ဆောက်နေသည့် စီမံကိန်းရှင်းလင်းဆောင်တွင် Myanmar Imperial Vega Co.,Ltd မှ တာဝန်ရှိသူက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းအစီအမံများနှင့် လုပ်ငန်းများပြီးစီးမှုတို့ကို မြေပုံကားချပ်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။



### ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး က မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ပင်မ ခေါက်တိုင်များဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဆရာ/ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၏ နေထိုင်ရေး အဆင့်အတန်းမြင့်မားပြီး အဆင်ပြေချောမွေ့စေရေး ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ လက်ရှိစီမံကိန်း လုပ်ငန်းများဆောင်ရွက်ရာတွင် ရပ်တန့်သွားမှု မရှိစေဘဲ အချိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ ဒေသတွင်းပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးရာရောက်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်လိုပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တည်ဆောက်ရေးအိမ်ရာစီမံကိန်းဖြစ်သည့် မန္တလေး ပညာ့ရိပ်သာ အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် တည်ဆောက်လျက်ရှိသော မန္တလေးပညာ့ရိပ်သာ အိမ်ရာစီမံကိန်းရှိ အခန်းတစ်ခန်းလျှင် (၄၅၀) စတုရန်းပေကျယ်ဝန်းသော အိပ်ခန်း(၁)ခန်းပါ (၈) ခန်းတွဲ (၄)ထပ်(၁)လုံး၊ အိမ်ခန်း(၃၂)ခန်း၊ တစ်ခန်းလျှင် (၈၀၀) စတုရန်းပေကျယ်ဝန်းသော အိပ်ခန်း (၂)ခန်းပါ (၈)ခန်းတွဲ (၄)ထပ်(၃)လုံး ၊အိမ်ခန်း(၉၆) ခန်း ၊ တစ်ခန်းလျှင်(၁၂၀၀)စတုရန်းပေ ကျယ်ဝန်းသော အိပ်ခန်း(၃)ခန်းပါ (၈)ခန်းတွဲ (၄)ထပ်(၁) လုံး၊ အိမ်ခန်း(၃၂)ခန်း စုစုပေါင်း အိမ်ခန်း (၁၆၀) ခန်း၊ ပေ ၆၀ x ပေ ၁၆၀ ကျယ်ဝန်းသော Community Center အဆောက်အဦ(၁)လုံး ၊ ပေ ၅၀ x ပေ ၁၀၀ ကျယ်ဝန်းသော အားကစားခန်းမ Gym အဆောက်အဦ(၁)လုံးတို့ကို တည်ဆောက်သွားမည်ဖြစ်ပြီး လုပ်ငန်းများအားလုံး (၄၀ ရာခိုင်နှုန်း)ခန့် ပြီးစီးပြီဖြစ်သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီး ဦးမင်းထိန်သည် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မတ် ၃၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် တည်ဆောက်လျက်ရှိသော မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုပါကြောင်း၊ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးတို့ကို စေတနာထားဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးအလေးထား ဂရုပြုဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စု ရေကြည်မြောက်ကွင်း ကွင်းအမှတ်(၅၀၆)၌ တည်ဆောက်နေသည့် မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာစီမံကိန်းတွင် အဆောက်အဦ (၁၈၈)လုံး၊ အိမ်ရာအခန်းပေါင်း (၃၀၀၈)ခန်းတို့ကို ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်သွားမည် ဖြစ်ပါကြောင်းနှင့် နေ့စဉ် လုပ်သားအင်အား(၃၀၀၀)ခန့်ဖြင့် လုပ်ငန်းများ အရှိန်အဟုန်မပျက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း သိရသည်။

သတင်းစဉ်

---

*စာမျက်နှာ ၆ မှ*

လူသားဘဝကို အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် တော်လ်စတွိုင်း၏ အမြင်နှင့် သဘောထားသည်လည်း ချင့်ချိန်စရာပင်ဖြစ်သည်။ တော်လ်စတွိုင်းက လူ့ဘဝဆိုသည်မှာ ကန္တာရကြီးတစ်ခုအတွင်း သွားနေရသည့် ခရီးသည်တစ်ယောက်နှင့် တူသည်ဟု ဆိုပါသည်။ တစ်ခါက ခရီးသည်တစ်ယောက်သည် လွင်ပြင်တစ်ခုကိုဖြတ်လာရာ လမ်းတွင် ဘီလူးကြီးတစ်ကောင်နှင့် တွေ့၏။ ခရီးသည်သည် ကြောက်အားလန့်အားနှင့် ရေတွင်းပျက်ကြီးတစ်ခုထဲသို့ ခုန်ဆင်းလိုက်၏။ သို့ရာတွင် ရေတွင်းပျက်ကြီးထဲ၌ မိမိအား စားအံ့ဟု ပါးစပ်ကြီးကိုဖြဲ၍ စောင့်နေသော နဂါးကြီးတစ်ကောင်ကို မြင်ရ၏။ ခရီးသည် သည် ဘီလူးကြီးရန်ကို ကြောက်သဖြင့် ရေတွင်းပေါ်သို့လည်း မတက်ရဲ။ နဂါး၏ရန်ကို ကြောက်သဖြင့် ရေတွင်းထဲသို့လည်း မဆင်းဝံ့။ ထို့ကြောင့် ရေတွင်းအုတ်ကြားတွင် ပေါက်နေသော သစ်ကိုင်းတစ်ခုကို တွဲလောင်းခိုထား၏။

သို့ရာတွင် အချိန်ကြာလာသည်နှင့်အမျှ ၎င်း၏လက်များသည် နာကျင်ကိုက်ခဲ လာခဲ့ကြလေပြီ။ မကြာမီ ရေတွင်းထဲသို့ ဆင်းရချေတော့မည်။ သို့မဟုတ်လျှင်လည်း ရေတွင်းပေါ်သို့ ပြန်တက် ရပေတော့မည်။ ခရီးသည်သည် အံကြိတ်၍ သစ်ကိုင်းကလေးကို အတင်းဆွဲခိုထား၏။ ထိုအခိုက် မြေကြွက်ဖြူတစ်ကောင်နှင့် မြေကြွက်မည်းတစ်ကောင်တို့သည် ခရီးသည်တွဲလွဲခိုထားသော သစ်ကိုင်းကို ပတ်ပတ်လည်ကိုက်ဖြတ်လျက်ရှိကြခြင်းကို မြင်လိုက်ရ၏။ ခဏကြာသည်နှင့် ထိုသစ်ကိုင်းသည် ကျိုးကျကာ မိမိသည်လည်း ရေတွင်းထဲရှိ နဂါး၏ပါးစပ်ထဲသို့ ရောက်သွားတော့မည်သာဖြစ်၏။ ခရီးသည်သည် ဤအခြင်းအရာကို မြင်၏။ မိမိသည် မုချဆတ်ဆတ် ပျက်စီးခြင်းသို့ ရောက်ရတော့မည်ဟု သိ၏။ ခရီးသည်သည် ဤသို့ သစ်ကိုင်းကို တွဲလွဲခိုထားရာမှ မိမိပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်တွင် သစ်ကိုင်းမှ သစ်ရွက်ကလေးပေါ်တွင် တင်နေသည့် ပျားရည်စက်ကလေးများကို မြင်လိုက်ရ၏။ ခရီးသည်သည်လည်း ထိုသစ်ရွက်ကလေးပေါ်မှ ပျားရည်ကိုလျှာဖြင့် လှမ်းလျက်လိုက်သေးသည်။ (ဆရာမြ သန်းတင့်၏ တော်လ်စတွိုင်း၏ ဘဝအမြင်နှင့် သမိုင်းအမြင်စာအုပ်မှ)

တော်လ်စတွိုင်းက ဘဝတစ်ခု၏ ဒုက္ခများဖြစ်လာမည့်ဘဝနိဂုံးနှင့် နေထိုင်ရစဉ် ခဏတာ အရသာအပေါ် တပ်မက်မှုတို့ကို ရှုမြင်ဖော်ကျူးထားပါသည်။ ထိုအမြင် ထိုရှုထောင့်ထက်ပိုသော လောကီ၊ လောကုတ္တရာအမြင်နှင့် သံသရာခရီးအတွက်ဆိုပါလျှင် ပစ္စုပ္ပန်တစ်ဘဝစာအတွက် သာမက အများအကျိုး၊ သံသရာအကျိုး ဆင်ခြင်ကျင့်ကြံနိုင်ရန် လိုအပ်လာပေလိမ့်မည်။ မြတ်စွာဘုရားရှင်လက်ထက် မာဂဏ္ဍီပရိုဇ်က နေရေး၊ စားရေး၊ ဝတ်ရေး၊ လူ့လောက စည်းစိမ်များ ပြည့်စုံနေသဖြင့် နိဗ္ဗာန်တစ်မျိုးဟု ဆိုခဲ့သဖြင့် မြတ်စွာဘုရားက သမ္မာသက်ပ္ပနှင့် သမ္မာဒသနကို အခြေတည်၍ အနှစ်နှင့် အကာကို ခွဲခြားပြခဲ့ပါသည်။ အဓိပ္ပာယ်ပြည့်ဝသော လူ့ဘဝတစ်ခုတည်ဆောက်ရာတွင် သံသရာခရီးသွား ၇ မျိုးအနက် အဆင့်မြင့် သံသရာခရီးသွားဖြစ်ရန် မိမိကိုယ်ကို နေ့စဉ်နှလုံးသွင်း ဆင်ခြင်ရပေလိမ့်မည်။ လူ့ဘဝ၏ဖြစ်စဉ် ၃ ခု ဖြစ်သော မွေးဖွားခြင်း၊ အသက်ရှင်နေထိုင်ခြင်းနှင့် သေဆုံးခြင်းတွင် မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြား မိမိရရှိလာသော အသက်ရှင်နေထိုင်ခြင်းအား မည်ကဲ့သို့ အသက်ရှင်နေထိုင်မည်နည်းဆိုသည်က ဘဝအဓိပ္ပာယ်ဟု ဆိုရပါမည်။

လူ့ဘဝကို မိမိလိုဘ အတ္တများချည်းသက်သက်နှင့် အသက်ရှင်နေထိုင်ကြသည် များလည်း ရှိကြပါ၏။ အတ္တ၊ ပရ မျှတစွာအသက်ရှင်နေထိုင်ကြသူများလည်း ရှိကြပါ၏။ ပရသက်သက် ပေးဆပ်မှုများဖြင့် နေထိုင်အသက်ရှင်ကြသူများလည်း ရှိကြပါ၏။ အများအားဖြင့် ဘဝအသက်ရှင် ရပ်တည်ရေးအတွက် စားဝတ်နေရေး ပိုကောင်းသည်ထက်ကောင်းအောင် ကြိုးပမ်းကြရင်း ဆင်သေကောင်ထက်မှ ကျီးမိုက်ပမာ ကြာလေနစ်မွန်းလေ ဖြစ်လာတတ်ကြပါသည်။ ထိုသို့နစ်မွန်းလာပြီး တစ်ချိန်တွင် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့နှင့် ရင်ဆိုင်ကြရမည်မှာ မလွဲချေ။ ထိုသဘောကို မိမိတို့သည် သိပြီးဖြစ်သော်လည်း ထိုသဘောမှကျော်လွှန်၍ ဆင်ခြင်ရန်နှင့် ကျင့်ကြံအားထုတ်ရန် မေ့လျော့တတ်ကြပါသည်။

ပစ္စုပ္ပန်တစ်ဘဝစာထက် သံသရာကို အချိန်မလပ် ဆင်ခြင်နှလုံးသွင်းခြင်းသဘောကို မြတ်စွာဘုရားက ရက်ကန်းသည်မလေးအား ဟောကြားတော်မူခဲ့ပါ၏။ သဗ္ဗညုတမြတ်စွာဘုရားသည် သောတာပန်တည်မည့် ရက်ကန်းသည်မလေး ကုမာရီသို့ ...

မြတ်စွာဘုရား ...ချစ်သမီး ဘယ်ကလာပါသလဲ၊

ရက်ကန်းသည်မလေး.... တပည့်တော် ဘယ်ကလာသလဲဆိုတာ မသိပါဘုရား။

မြတ်စွာဘုရား ... ချစ်သမီး ဘယ်သွားမလို့လဲ၊

ရက်ကန်းသည်မလေး ...တပည့်တော်ဘယ်ကိုသွားရမှာလဲဆိုတာ မသိပါဘုရား။

မြတ်စွာဘုရား ...မသိလို့လား။

ရက်ကန်းသည်မလေး ...သိပါတယ်ဘုရား။

မြတ်စွာဘုရား ...တကယ် သိလို့လား ချစ်သမီး၊

ရက်ကန်းသည်မလေး .... တကယ် မသိပါဘုရား။

"မြတ်စွာဘုရား၏ ဘယ်ကလာသလဲ" ဆိုသည့် အမေးသည် ဘယ်ဘဝက လာသလဲမေးခြင်း ဖြစ်တယ်။ "ရက်ကန်းသည်မလေးက ဘယ်ကလာမှန်း မသိပါ" ဆိုသည့်အဖြေသည် ဘယ်ဘဝက လာမှန်း မသိခြင်းကို ဖြေခြင်းဖြစ်သည်။ "မြတ်စွာဘုရား၏ ဘယ်ကိုသွားမှာလဲ" ဆိုသည့် အမေးသည် သေပြီး ဘယ်ဘဝသွားမှာလဲဟု မေးခြင်းဖြစ်သည်။ "ဘယ်သွားမှာလဲ"ဟု အမေးအား ရက်ကန်းသည် မလေးက မသိပါဘူးဘုရား ဆိုသည့်အဖြေသည် သေပြီးဘယ်ဘဝကို သွားရမှန်း မသိပါဟု ဆိုလိုခြင်းဖြစ်သည်။ "မသိလို့လား" ဆိုသည့် အမေးသည် ဤခန္ဓာကြီးရလာရင် အိုရမယ်၊ နာရမယ်၊ သေရမယ်ဆိုတာကို မသိလို့လားဟု မေးခြင်းဖြစ်သည်။ " ရက်ကန်းသည်မလေးက သိပါတယ်" ဆိုသည့်အဖြေသည် ဤခန္ဓာကြီးရလာရင် အိုရမယ်၊ နာရမယ်၊ သေရမယ်ဆိုတာကို သိပါတယ်ဟုဖြေခြင်း ဖြစ်သည်။ မြတ်စွာဘုရားက "တကယ်သိသလားမေးပြီး ရက်ကန်းသည်မလေးက တကယ် မသိပါ" ဟု ဖြေဆိုတာက ဤခန္ဓာရလာရင် ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်ခါ၊ ဘယ်နေရာမှာ၊ ဘာရောဂါနဲ့ သေမယ်ဆိုတာ မသိပါဟု ဖြေခြင်း ဖြစ်သည်။

မိမိတို့သည်လည်း ရက်ကန်းသည်မလေး၏ အဖြေကဲ့သို့ပင်။ သိခြင်းနှင့် မသိခြင်းအကြား လူ့ဘဝများသည် များစွာကွာခြားလှပါ၏။ သံသရာခရီးသည်ဖြစ်သော မိမိတို့သည် မိမိကိုယ်မိမိ ဆင်ခြင်ခြင်း၊ ကျင့်ကြံအားထုတ်ခြင်းဖြင့်သာ အဓိပ္ပာယ်ရှိသော ဘဝအနှစ်သာရ ပြည့်ဝစွာနေထိုင်ရင်း မိမိအကျိုး၊ အများအကျိုး၊ သံသရာအကျိုး ဖော်ဆောင်နိုင်ပါမည်။ လူသားဘဝ၏ စစ်မှန်သော လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာရရှိရေး မိမိတို့ဘဝတည်ဆောက်ရာတွင် သတိပဋ္ဌာန်လေးပါးကို လက်ကိုင်ထားမှသာလျှင် မြတ်သောလမ်းစဉ်ကို ရနိုင်မည်ဖြစ်ကြောင်း ဘုရားမြတ်စွာက ဟောကြားတော်မူခဲ့ပါ၏။ သတိပဋ္ဌာန်တရားသည် မိမိကိုယ်ကို ဆင်ခြင်ခြင်းနှင့် ကျင့်ကြံခြင်း ဖြစ်ပါ၏။

ဒုက္ခတို့၏ချုပ်ငြိမ်းရာ၊ စစ်မှန်သော ဘဝအဓိပ္ပာယ်နှင့် လူ့ဘဝနေထိုင်ကျင့်ကြံနည်းတို့ကို ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာဟု ဆိုသော ဒုက္ခ၏ချုပ်ရာ အရိယာတို့ သိအပ်သော အမှန်တရားတွင် ပြဆိုထားပါ၏။ မြတ်သောအင်္ဂါရှစ်ပါးရှိသော မဂ်အကျင့် လမ်းဖြစ်သည့် မှန်စွာသိမြင်ခြင်း၊ မှန်စွာကြံခြင်း၊ မှန်စွာပြောဆိုခြင်း၊ မှန်စွာ ပြုလုပ်ခြင်း၊ မှန်စွာအသက်မွေးခြင်း၊ မှန်စွာအားထုတ်ခြင်း၊ မှန်စွာအောက်မေ့ခြင်း၊ မှန်စွာတည်ကြည်ခြင်းတို့ကို ဆင်ခြင်ကျင့်ကြံအားထုတ်ကြခြင်းဖြင့် အဓိပ္ပာယ်ရှိသည့် လူ့ဘဝအသက်ရှင်နေထိုင်ခြင်း ရရှိစေနိုင်မည် ဖြစ်ပါသည်။ သို့မှလည်း နောင်တကင်းရာ ဘဝနေထိုင်နည်း ဖြစ်ပေလိမ့်မည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ရွှေသင်္ကန်းလျှုဒါန်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်



နေပြည်တော် မတ် ၃၁

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒလမ်းညွှန်ချက်များ ခံယူပြီး ၂၀၁၈– ၁၉ ခုနှစ်က ရွှေသင်္ကန်းတော်ကပ်လှူခြင်း လုပ်ငန်းစီမံချက်မှဆောင်ရွက်ရန် ကျန်ရှိသော ဧရိယာများ၌ ဂါဝီဆိုဒ်မျိုးစုံ ကပ်လှူလုပ်ငန်းအား ၂၀၂၀ ပြည့်နှစ်တွင် ကြုံခဲ့ရသော ကိုဗစ်– ၁၉ ကပ်ရောဂါကြောင့် ဆိုင်းငံ့ထားခဲ့ရသဖြင့် ငြမ်းစေတီများထိုး၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ် ၁၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### ရောင်တော်ဖွင့်သွားမည်

ယခုအခါ ငြမ်းစေတီအား စနစ်တကျ တည်ဆောက်၍ စေတီတော်ကြီးကို မတ် ၂၉ ရက်မှ စတင်ကုသိုလ်ယူလုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကြေးဝန်း(၅) ဆင့်မှ ရွှေသင်္ကန်း Gold Coating ချပ်ရေ (၁၁၀၀၀) ကျော်ကို ဝန်ထမ်းအင်အား (၃၀)နှင့် ရောင်တော်ဖွင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဂါဝီဆိုဒ်မျိုးစုံ ကပ်လှူရေးလုပ်ငန်းများကိုလည်း ရာသီဥတုအခြေအနေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငှက်ပျောဖူးတစ်ဝိုက် ရွှေစင်ပြားများကိုလည်း ပိုမိုကြည်ညိုသပ္ပာယ်ဖွယ်ရာ ရောင်တော်ဖွင့်သွားမည်ဖြစ်ကြောင်း သိရသည်။

### ကြည်ညိုပူဇော်နိုင်ရေး

ရွှေတိဂုံစေတီတော်မြတ်ကြီးအား မတ် ၈ ရက်မှ ပြန်လည်ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ ဘုရားဖူးပြည်သူပေါင်း ခုနစ်သောင်းခန့်ရှိပြီဖြစ်ပြီး ဘုရားဖူးပြည်သူအများ စိတ်ချမ်းသာ ကြည်နူးဖွယ်ရာ နေ့နံအလိုက် ဂြိုဟ်တိုင်များတွင် သက်တမ်းကြာမြင့်ပြီဖြစ်သော ကျောက်ဆစ်ရုပ်ပွားတော်များ အသစ်လဲလှယ်ပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ညချမ်းချိန်ခါ ရပ်နီးရပ်ဝေးမှ ထင်ရှားစွာ ကြည်ညိုပူဇော်နိုင်ရေး လုံးတော်ပြည့် ခေတ်မီမီးဆလိုက်ကြီးများ ပူဇော်နိုင်ရန် ဂေါပကအဖွဲ့မှ စီမံဆောင်ရွက်လျက်ရှိကြောင်း ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါကန့်သတ်ချက်များ အားလုံးကို ၃၁–၃–၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၂၆–၂–၂၀၂၁ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်–

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅–၃–၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့် စပ်လျဉ်း၍ ၂၀–၃–၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄–၃–၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈–၃–၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID–19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှု အန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန်ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ မျှသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်

# ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ကျောက်တန်းမြို့နယ်နှင့် သန်လျင်မြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်တင်နှင့်အတူ ယနေ့နံနက်တွင် ကျောက်တန်းမြို့နယ်နှင့် သန်လျင်မြို့နယ်တို့တွင် ဆောင်ရွက်နေသော စည်ပင်သာယာရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

ကျောက်တန်းမြို့နယ်အနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လမ်းလုပ်ငန်း ၄၉ လမ်း၊ အရှည် ၄ မိုင် ၀ ဒသမ ၅ ဖာလုံ ဆောင်ရွက်ရန် လျာထားရာ ၃၃ လမ်း၊ အရှည် ၂ မိုင် ၆ ဒသမ ၉၁ ဖာလုံ ဆောင်ရွက်ခဲ့ပြီး ၆၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ Box-Culvert လုပ်ငန်း ၂၂ စင်း တည်ဆောက်ရန်လျာထားရာ ၁၉ စင်း တည်ဆောက်ခဲ့ပြီး ၈၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ကျောက်တန်းမြို့မဈေးသို့ သွားရောက်၍ နှစ်ထပ်ဈေးရုံသစ် ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။ ကျောက်တန်းမြို့မဈေး နှစ်ထပ်ဈေးရုံသစ်မှာ ဆိုင်ခန်း ၂၀၈ ခန်း ပါဝင်ပြီး လက်ရှိဈေးရောင်းချသူများကို ယာယီဈေးသို့ ပြောင်းရွှေ့နေရာချထား၍ ရောင်းချစေလျက်ရှိကြောင်း သိရသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရွှေမှော်ဝန်းခန်းမသို့ သွားရောက်၍ ခန်းမထိန်းသိမ်းမှု၊ ခန်းမဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ ကျောက်တန်းမြို့ ရေပေးဝေရေး ဆင်ကန်ရေစက်ရုံသို့ သွားရောက်၍ ရေစုကန်၊ ရေစစ်ကန်နှင့် ရေစက်ရုံလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်သည် သန်လျင်မြို့နယ်အတွင်း မြေယာရှင်းဆောင်ရွက်ထားမှုများကို လိုက်လံစစ်ဆေးပြီး နံနက် ၉ နာရီတွင် သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိုက်စိုးက မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်နေမှု၊ ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းလျာထားချက်နှင့် ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လိုအပ်သည်များကို မှာကြားသည်။

သန်လျင်မြို့နယ် အနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းလျာထားချက် ၇၁ ခု အနက် ဆောင်ရွက်ပြီး ၄၆ ခု၊ ဆောင်ရွက်ဆဲ ၁၀ ခုနှင့် ဆောင်ရွက်ရန် ကျန် ၂၅ခု ရှိသဖြင့် ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ မြို့တွင်းလမ်းများ ၉၁ ဒသမ ၉၁ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးကြောင်း ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က မြို့ဧရိယာကျယ်ပြန့်လာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံနေရာ သစ်များရှာဖွေရန်၊ မြို့ပေါ်လမ်းများတစ်လျှောက် မြေယာရှင်းဆောင်ရွက်ထားမှု ကောင်းမွန်သဖြင့် ထိန်းသိမ်းထားရှိရန်နှင့် လုပ်ငန်းလျာထားချက်များ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID- 19 ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ် ထိန်းချုပ်နိုင်ရေးမှာ များစွာ အရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID- 19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel Issue-2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၃-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID- 19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်း ခရီးသည်များမှတစ်ဆင့် CO- VID- 19 ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID- 19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၀-၄-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေး ထုတ်ပြန်လိုက်သည်။

ပို့ဆောင်ရေးနှင့်
ဆက်သွယ်ရေးဝန်ကြီးဌာန

## ရန်ကုန်မြို့ပတ်ရထားနေ့စဉ်ပြေးဆွဲမည်

နေပြည်တော် မတ် ၃၁

ရန်ကုန်မြို့နေ ခရီးသွားမိတ်ပြည်သူများ အဆင်ပြေစွာခရီးသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားမှ အင်းစိန်- ရန်ကုန်- မင်္ဂလာဒုံ- အင်းစိန် လမ်းကြောင်းအတိုင်း လက်ဝဲရစ်လူစီးတွဲ(၃) တွဲပါ RBE ရထားတွဲဆိုင်းကို မတ် ၂၄ ရက်မှစ၍ နေ့စဉ်ပြေးဆွဲလျက်ရှိသည်။

RBE ရထားတွဲဆိုင်းသည် လက်ဝဲရစ်လမ်းကြောင်းအတိုင်း အင်းစိန်ဘူတာမှ နံနက် ၈ နာရီခွဲမှ စတင်ထွက်ခွာပြီး ဘူတာစဉ်ဖြတ်သန်းမောင်းနှင်၍ ရန်ကုန်ဘူတာကြီး၊ ဆက်လက်၍ မင်္ဂလာဒုံဘူတာမှ တစ်ဆင့်ဆက်လက်ထွက်ခွာရာ အင်းစိန်ဘူတာသို့ နံနက် ၁၁နာရီ ၄၅ မိနစ်တွင် ပြန်လည် ဆိုက်ရောက်သည်။

ထို့နည်းတူ မတ် ၃၁ ရက်တွင်လည်း RBE ရထားတွဲဆိုင်းသည် လက်ဝဲရစ်လမ်းကြောင်းအတိုင်း နံနက် ၈ နာရီခွဲတွင် အင်းစိန်-ရန်ကုန်-မင်္ဂလာဒုံ- အင်းစိန်ခရီးစဉ်အတိုင်းပြေးဆွဲရာ အင်းစိန် ဘူတာသို့ နံနက် ၁၁ နာရီ မိနစ် ၅၀တွင် ပြန်လည်ရောက်ရှိသည်။

မြို့ပတ်ရထားခရီးစဉ်များကို မြန်မာ့မီးရထားက နေ့စဉ်ပုံမှန်ပြေးဆွဲလျက်ရှိသဖြင့် မိတ်ပြည်သူများ၊ ဝန်ထမ်းများအနေဖြင့် လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

* *ကျောဖုံးမှ*

ကာကွယ်ဆေးထိုးနှံပြီးစီးသူများအနေဖြင့်လည်း ပြင်းထန်သော ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်ခံစားရမှု မရှိခဲ့ဘဲ သာမန် နောက်ဆက်တွဲပြဿနာများသာ ခံစားခဲ့ရကြောင်းနှင့် အားလုံးကျန်းမာလျက်ရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။

ကာကွယ်ဆေးထိုးနှံခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံးကို COVID-19 ရောဂါမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး၊ သွားလာမှုဆိုင်ရာ စည်းကမ်းကန့်သတ်ချက်များကိုလည်း ဖြေလျှော့ပေးသွားနိုင်မည် ဖြစ်သည်။

လက်ရှိကာလတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူများ COVID-19 ကာကွယ်ဆေး ပထမအကြိမ် (First Dose) ထိုးနှံမှုအတွက် (၁)သန်းခွဲကျော်ခန့် အသုံးပြုသွားမည်ဖြစ်ပြီး ၎င်းထိုးနှံပြီးသူများ ဒုတိယအကြိမ် (Second Dose) ထိုးနှံနိုင်ရန်အတွက်လည်း လုံလောက်သည့်အရေအတွက်ရှိပြီး ဖြစ်ပါသည်။ ထို့ပြင် မကြာမီ အချိန်ကာလတွင်လည်း ကာကွယ်ဆေးများ ထပ်မံရရှိရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရောက်ရှိပါက ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

ဒေါ်မွန့်တိုက်စစ်ကစားသမား ဟာလန်းသည် ယခုနှစ်ရာသီတွင် ခြေစွမ်းပြသထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၁ ပွဲတွင် ၃၃ ဂိုးအထိ သွင်းယူထားနိုင်သည်။ ထို့ကြောင့် အဆိုပါ တိုက်စစ်ကစားသမားကို ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်စသည့် အသင်းကြီးများအပါအဝင် ဥရောပကလပ်အသင်းအများအပြားက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်သည်။ ဟာလန်းကိန်းနှင့် စပါးအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၄ ခုနှစ်အထိ ရှိနေသည်။ ကိန်းသည် စပါးအသင်းအတွက် ပရီမီယာလိဂ်တွင် ၂၃၄ ပွဲ ပါဝင်ကစားထားပြီး ဂိုး ၁၆၀ သွင်းယူပေးထားနိုင်သည့် တိုက်စစ်ကစားသမားတစ်ဦးဖြစ်သည်။

အောင်ဇော်

## ရန်ကုန် - မော်လမြိုင် - ရန်ကုန် လူစီးရထားခရီးစဉ်ပြေးဆွဲ

နေပြည်တော် မတ် ၃၁

ရန်ကုန်- မော်လမြိုင် ရထားလမ်းပိုင်း၌ ခရီးသွားပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရန်အတွက် မော်လမြိုင်ဘူတာမှ မတ် ၂၉ ရက် နံနက် ၈ နာရီတွင် အမှတ် (၉၀)အစုန် လူစီးရထား စတင် ပြေးဆွဲခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် စက်ခေါင်း (၁)တွဲ၊ အထက်တန်းတွဲ (၂)တွဲ၊ ရိုးရိုးတန်း (၃)တွဲနှင့် ဘရိတ်တွဲ (၁)တွဲဖြင့် တွဲဆိုင်းဖွဲ့၍ ပြေးဆွဲပေးလျက်ရှိသည်။မော်လမြိုင်- ရန်ကုန်အကြားတွင် ၃၆ ဘူတာရှိပြီး ပေါင်၊ သထုံ၊ ကျိုက်ထို၊ သိမ်ဇရပ်၊ ပဲခူးဘူတာအပါအဝင် ဘူတာစဉ်ဖြတ်သန်းမောင်းနှင်၍ ရန်ကုန်ဘူတာသို့ ည ၇ နာရီတွင် ရောက်ရှိခဲ့သည်။ ထို့နည်းတူ အမှတ်(၈၉)အဆန်လူစီးရထားသည် ရန်ကုန်မြို့မှ မတ် ၃၀ ရက် နံနက် ၆ နာရီခွဲတွင် ထွက်ခွာပြီး ဘူတာစဉ်ဖြတ်သန်းမောင်းနှင်ကာ မော်လမြိုင်ဘူတာသို့ ညနေ ၅ နာရီတွင် ရောက်ရှိခဲ့သည်။

ရထားခရီးစဉ်တွင် အမှတ် (၉၀) အစုန်လူစီးရထားသည် မော်လမြိုင်မှရန်ကုန်သို့လည်းကောင်း၊ အမှတ် (၈၉)အဆန်ရထားသည် ရန်ကုန်မှ မော်လမြိုင်သို့လည်းကောင်း တစ်ရက်ခြား၍ပြေးဆွဲသွားမည်ဖြစ်ပြီး မော်လမြိုင်- ရန်ကုန်- မော်လမြိုင်ခရီးစဉ်သို့ လိုက်ပါစီးနင်းလိုသည့် ခရီးသွားမိတ်ပြည်သူများ၊ ဝန်ထမ်းများအနေဖြင့် လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တို့၏ မဲဆန္ဒရှင် စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မဲရုံပေါင်း ၇၂ ရုံ | ၁၃၀၄၂၉ | ၁၄၁၇၈၅ | ၂၁၆၆ | ၂၇၄ | ၇၄၉၄ |
| ၂ | မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မဲရုံပေါင်း ၂၂၀ ရုံ | ၁၉၈၀၇၄ | ၁၈၃၆၀၁ | ၁၄၀၂၈ | ၁၂၂၉ | ၁၉၈၄၈ |
| ၃ | ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မဲရုံပေါင်း ၁၃၅ ရုံ | ၁၁၅၆၉၆ | ၁၁၇၄၈၈ | ၁၁၈၂၇ | ၇၁၅ | ၁၂၃၇၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၄၂၇ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၀၅၁၀၁ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၆၂၆၃၂၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၄၂၄၆၉၊ မြေပြင်လက်ကျန် ၁၃၄၅၈၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၉၂၁၁ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၃၄၉ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန် ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ချမ်းအေးသာစံ | ၇၂ | ၁၄၉၁၂၇ | ၉၉၃၃၂ | ၄၉၇၉၅ | ၄၄၃၁၆ | ၅၆၈၆ | ၂၀၇ |
| ၂ | ကျောက်ဆည် | ၂၂၀ | ၂၂၄၁၀၂ | ၁၆၈၇၁၂ | ၅၅၃၉၀ | ၅၃၉၆၁ | ၂၅၀၁ | ၁၀၇၂ |
| ၃ | ပန်းတောင်း | ၁၃၅ | ၁၃၁၈၇၂ | ၉၄၅၈၈ | ၃၇၂၈၄ | ၃၆၃၁၀ | ၁၀၄၄ | ၇၀ |
| | စုစုပေါင်း | ၄၂၇ | ၅၀၅၁၀၁ | ၃၆၂၆၃၂ | ၁၄၂၄၆၉ | ၁၃၄၅၈၇ | ၉၂၁၁ | ၁၃၄၉ |

### ချမ်းအေးသာစံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ ချမ်းအေးသာစံမြို့နယ်တွင် မဲရုံပေါင်း ၇၂ ရုံရှိပြီး စုစုပေါင်းထုတ်ယူရရှိ ဆန္ဒမဲလက်မှတ်အရေအတွက် ၁၄၉၁၂၇ အနက် ၁၃၁၉၅၀ စောင်အား ရပ်/ကျေးမဲလက်မှတ်၊ ၃၀၀၀ စောင်အား မြို့နယ်ကြိုတင်မဲလက်မှတ်နှင့် ၁၄၁၇၇ စောင်အား မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ်များအဖြစ် ဖြန့်ခွဲထုတ်ပေး အသုံးပြုထိန်းသိမ်းထားရှိကြောင်း တွေ့ရပါသည်။ မဲလက်မှတ်အပိုနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန် ရမည့် မဲလက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၃၁၉၅၀ | ၉၈၅၀၂ | ၃၃၄၄၈ | ၂၈၀၇၁ | ၅၅၈၄ | ၂၀၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၀၀၀ | ၈၃၀ | ၂၁၇၀ | ၂၀၆၈ | ၁၀၂ | |
| ၃ | မြို့နယ်လက်ကျန် | ၁၄၁၇၇ | | ၁၄၁၇၇ | ၁၄၁၇၇ | | |
| | စုစုပေါင်း | ၁၄၉၁၂၇ | ၉၉၃၃၂ | ၄၉၇၉၅ | ၄၄၃၁၆ | ၅၆၈၆ | ၂၀၇ |

၆။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ချမ်းအေးသာစံမြို့နယ် ပြည်သူ့လွှတ်တော် ရပ်/ကျေး မဲလက်မှတ်များ ထုတ်ယူရရှိမှုမှာ ၁၃၁၉၅၀ ဖြစ်ပြီး ၉၈၅၀၂ အသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၃၃၄၄၈ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၈၀၇၁ သာ ကျန်ရှိနေသဖြင့် မဲလက်မှတ်ပေါင်း ၅၅၈၄ စောင်မှာ ရပ်/ကျေးများမှ ပြန်လည်အပ်နှံနိုင်ခြင်းမရှိဘဲ အကြောင်းမဲ့ လျော့နည်းပျောက်ဆုံးနေကြောင်း တွေ့ရှိရပါသည်။ မဲရုံ ၃ ရုံတွင် ထုတ်ပေးထားသည့် မဲလက်မှတ်ထက် ၂၀၇ စောင် ပိုမိုကျန်ရှိနေကြောင်း တွေ့ရှိရသည်။

၇။ စိစစ်ချက်အရ မြို့နယ်ကြိုတင်မဲလက်မှတ် ၃၀၀၀ အနက် ၈၃၀ စောင်အား ဆန္ဒမဲပေး အသုံးပြုထားခဲ့ကြောင်း တွေ့ရှိရပြီး လက်ကျန်မဲ ၂၁၇၀ စောင် အမှန်တကယ် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၀၆၈ စောင်သာတွေ့ရှိရသဖြင့် မဲလက်မှတ် ၁၀၂ စောင် လျော့နည်းပျောက်ဆုံးနေကြောင်း တွေ့ရှိရပါသည်။ မြို့နယ်လက်ကျန်အရန် မဲလက်မှတ် ၁၄၁၇၇ စောင်အား သုံးစွဲမှုမရှိ၍ မြေပြင်လက်ကျန်စာရင်း ကွာဟမှုမရှိကြောင်း တွေ့ရှိရပါသည်။

၈။ ချမ်းအေးသာစံမြို့နယ် တစ်ခုလုံးတွင် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ထုတ်ယူရရှိမှုမှာ ၁၄၉၁၂၇ စောင်ဖြစ်ပြီး ၉၉၃၃၂ စောင် အသုံးပြုခဲ့ကြောင်းတွေ့ရှိရပြီး မဲလက်မှတ်ပေါင်း ၄၄၃၁၆ စောင်ကို အသုံးမပြုဘဲ ကျန်ရှိနေသည့် မဲလက်မှတ်များအဖြစ် မြေပြင်တွင် ကျန်ရှိနေကြောင်း တွေ့ရှိရပါသည်။

၉။ ချမ်းအေးသာစံမြို့နယ် ရပ်ကွက်အလိုက် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရရှိ၊ သုံးစွဲ၊ လက်ကျန်မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်အမည် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ကန်ကောက် | ၉ | ၁၄၂၅၀ | ၁၀၄၅၃ | ၃၇၉၇ | ၃၁၅၆ | ၆၄၃ | ၂ |
| ၂ | ပြည်ကြီးမျက်ရှင် | ၃ | ၈၅၀၀ | ၅၈၆၈ | ၂၆၃၂ | ၂၄၃၇ | ၁၉၅ | |
| ၃ | ပြည်ကြီးမျက်မှန် | ၃ | ၅၄၀၀ | ၄၀၆၅ | ၁၃၃၅ | ၁၂၃၆ | ၉၉ | |
| ၄ | ပါတ်ကုန်းပျော်ဘွယ် | ၂ | ၄၅၀၀ | ၃၃၈၀ | ၁၁၂၀ | ၁၀၇၃ | ၅၀ | ၃ |
| ၅ | ရန်မျိုးလုံ | ၃ | ၄၉၀၀ | ၃၉၀၄ | ၉၉၆ | ၈၁၉ | ၁၇၇ | |
| ၆ | ပတ်ကုန်းဝန်းကျင် | ၂ | ၂၈၀၀ | ၂၄၁၁ | ၃၈၉ | ၄၄၃ | ၁၄၈ | ၂၀၂ |
| ၇ | မောရဂီဝါ | ၄ | ၉၂၅၀ | ၆၄၄၈ | ၂၈၀၂ | ၂၁၂၅ | ၆၇၇ | |
| ၈ | စိတ္တရမဟီ | ၃ | ၆၀၀၀ | ၄၃၂၆ | ၁၆၇၄ | ၁၃၇၆ | ၂၉၈ | |
| ၉ | ဟေမာဇလ | ၄ | ၆၃၅၀ | ၄၅၂၅ | ၁၈၂၅ | ၁၅၆၃ | ၂၆၂ | |
| ၁၀ | ချမ်းအေးသာစံ (အရှေ့) | ၃ | ၆၂၀၀ | ၄၁၅၄ | ၂၀၄၆ | ၁၈၀၀ | ၂၄၆ | |
| ၁၁ | ကန္ဒနမဟီ | ၄ | ၆၉၅၀ | ၅၂၆၉ | ၁၆၈၁ | ၁၃၀၀ | ၃၈၁ | |
| ၁၂ | ချမ်းအေးသာစံ (အလယ်) | ၂ | ၄၃၀၀ | ၂၉၃၅ | ၁၃၆၅ | ၁၂၆၉ | ၉၆ | |
| ၁၃ | ချမ်းအေးသာစံ (အနောက်) | ၁ | ၁၂၀၀ | ၉၂၈ | ၂၇၂ | ၂၇၂ | | |
| ၁၄ | အောင်နန်းရိပ်သာ (အရှေ့) | ၄ | ၈၁၀၀ | ၆၃၁၅ | ၁၇၈၅ | ၁၃၂၄ | ၄၆၁ | |
| ၁၅ | အောင်နန်းရိပ်သာ (အနောက်) | ၅ | ၆၈၅၀ | ၄၈၄၇ | ၂၀၀၃ | ၁၄၇၁ | ၅၃၂ | |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| စဉ် | ရပ်ကွက်အမည် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁၆ | ပြည်ကြီးပျော်ဘွယ် (အရှေ့) | ၃ | ၄၈၀၀ | ၃၇၁၅ | ၁၀၈၅ | ၈၈၇ | ၁၉၈ | |
| ၁၇ | ပြည်ကြီးပျော်ဘွယ် (အနောက်) | ၆ | ၁၂၉၅၀ | ၁၀၃၉၉ | ၂၅၅၁ | ၂၁၁၆ | ၄၃၅ | |
| ၁၈ | သီရိဟေမာ(အရှေ့) | ၂ | ၃၆၀၀ | ၂၇၂၂ | ၈၇၈ | ၇၇၈ | ၁၀၀ | |
| ၁၉ | သီရိဟေမာ(အနောက်) | ၄ | ၆၉၅၀ | ၅၅၈၁ | ၁၃၆၉ | ၁၁၂၅ | ၂၄၄ | |
| ၂၀ | ဒေးဝန်း(အနောက်) | ၅ | ၈၁၀၀ | ၆၂၅၇ | ၁၈၄၃ | ၁၅၀၁ | ၃၄၂ | |
| | ရပ်ကျေးချုပ်မဲလက်မှတ် | ၇၂ | ၁၃၁၉၅၀ | ၉၈၅၀၂ | ၃၃၄၄၈ | ၂၈၀၇၁ | ၅၅၈၄ | ၂၀၇ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၃၀၀၀ | ၈၃၀ | ၂၁၇၀ | ၂၀၆၈ | ၁၀၂ | |
| | မြို့နယ်လက်ကျန် | | ၁၄၁၇၇ | | ၁၄၁၇၇ | ၁၄၁၇၇ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၇၂ | ၁၄၉၁၂၇ | ၉၉၃၃၂ | ၄၉၇၉၅ | ၄၄၃၁၆ | ၅၆၈၆ | ၂၀၇ |

## ကျောက်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၀။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၇ အုပ်စု၊ မဲရုံပေါင်း ၂၂၀ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၂၂၄၁၀၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သောလက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၈၇၁၂ ဖြစ်သဖြင့် ကျန်ရှိရမည့် အရေအတွက်မှာ ၅၅၃၉၀ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၃၉၆၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၀၆၅၅၀ | ၁၆၈၀၆၀ | ၃၈၄၉၀ | ၃၇၀၆၁ | ၂၅၀၁ | ၁၀၇၂ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၇၅၅၂ | ၆၅၂ | ၁၆၉၀၀ | ၁၆၉၀၀ | | |
| | စုစုပေါင်း | ၂၂၄၁၀၂ | ၁၆၈၇၁၂ | ၅၅၃၉၀ | ၅၃၉၆၁ | ၂၅၀၁ | ၁၀၇၂ |

၁၁။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ကျောက်ဆည်မြို့နယ်၊ ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာ အုပ်စု ၈၇ အုပ်စု၊ မဲရုံပေါင်း ၂၂၀ ရုံတွင် မဲလက်မှတ်အရေအတွက် ၂၅၀၁ ပျောက်ဆုံးနေပြီး ၁၀၇၂ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၆၅၂ ကို အသုံးပြုထားပြီး ၁၆၉၀၀ အား မြို့နယ်လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရပါသည်။

၁၂။ ကျောက်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဈေးတန်းရပ်ကွက် | ၁ | ၁၀၀၀ | ၈၁၆ | ၁၈၄ | ၁၈၄ | | |
| ၂ | ဖောင်ရွာရပ်ကွက် | ၂ | ၂၈၀၀ | ၂၃၇၇ | ၄၂၃ | ၄၂၃ | | |
| ၃ | စုကြီးရပ်ကွက် | ၁ | ၉၀၀ | ၁၀၁၅ | -၁၁၅ | ၃၅ | | ၁၅၀ |
| ၄ | ပြည်လုံးနိုင်ရပ်ကွက် | ၂ | ၂၂၀၀ | ၁၈၉၀ | ၃၁၀ | ၄၅၀ | | ၁၄၀ |
| ၅ | မင်းရပ်ရပ်ကွက် | ၄ | ၄၅၀၀ | ၃၅၉၁ | ၉၀၉ | ၉၀၉ | | |
| ၆ | တောင်နောက်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၁၁၁၄ | ၁၈၆ | ၁၈၆ | | |
| ၇ | အင်ဒိုင်းကျေးရွာအုပ်စု | ၃ | ၃၁၀၀ | ၂၆၁၆ | ၄၈၄ | ၇၃၄ | | ၂၅၀ |
| ၈ | သင်တောင်းကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၂၁၈၂ | ၂၆၈ | ၂၇၀ | | ၂ |
| ၉ | ထန်းဇင်တော်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၉၀ | ၁၆၀ | ၁၆၀ | | |
| ၁၀ | ငှက်ဆွတောင်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၆၅၂ | ၄၄၈ | ၄၄၈ | | |
| ၁၁ | အရှေ့ငယ်တိုးကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၂၃၃၄ | ၂၁၆ | ၂၁၆ | | |
| ၁၂ | ရွှေဒါးကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၀၃ | ၅၉၇ | ၁၉၇ | ၄၀၀ | |
| ၁၃ | ရဲဘော်ကြီးကျေးရွာအုပ်စု | ၆ | ၆၇၅၀ | ၅၄၆၃ | ၁၂၈၇ | ၁၂၄၁ | ၄၆ | |
| ၁၄ | ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စု | ၃ | ၄၄၀၀ | ၃၅၉၇ | ၈၀၃ | ၇၉၂ | ၁၁ | |
| ၁၅ | ကုလားကျောင်းကျေးရွာအုပ်စု | ၅ | ၄၈၅၀ | ၃၈၅၈ | ၉၉၂ | ၈၉၀ | ၁၀၂ | |
| ၁၆ | ပုထိုးနီကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၂၅၄ | ၂၄၆ | ၂၄၆ | | |
| ၁၇ | ပဠာကျေးရွာအုပ်စု | ၆ | ၇၀၅၀ | ၅၆၀၉ | ၁၄၄၁ | ၁၅၄၂ | | ၁၀၁ |
| ၁၈ | ပင်တလည်ကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၇၈၈ | ၂၆၂ | ၂၆၂ | | |
| ၁၉ | ကင်းကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၀၈ | ၁၄၂ | ၁၄၂ | | |
| ၂၀ | ဟံမြင့်မိုရ်ကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၂၄၀၃ | ၇၉၇ | ၆၉၉ | ၉၈ | |
| ၂၁ | ပြည်တော်သာကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၈၃၈ | ၃၁၂ | ၃၁၄ | | ၂ |
| ၂၂ | ရှမ်းတောင်ဦးကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၅၃၈ | ၂၆၂ | ၂၆၂ | | |
| ၂၃ | မှိုင်းပန်ကျေးရွာအုပ်စု | ၂ | ၃၃၀၀ | ၂၄၉၉ | ၈၀၁ | ၈၀၁ | | |
| ၂၄ | ကလေးကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၁၀၅၅ | ၁၄၅ | ၁၄၅ | | |
| ၂၅ | အရှေ့သာဂရကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၉၉၀ | ၂၁၀ | ၂၁၀ | | |
| ၂၆ | သင်္ဂတုံကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၂၄၇ | ၂၀၃ | ၂၀၃ | | |
| ၂၇ | တောင်တော်ကျေးရွာအုပ်စု | ၅ | ၃၉၀၀ | ၃၁၉၆ | ၇၀၄ | ၉၀၇ | | ၂၀၃ |
| ၂၈ | ပုန်းညက်ကျေးကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၈၃၁ | ၃၆၉ | ၃၆၉ | | |
| ၂၉ | လယ်ကြီးကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၇၀၅ | ၃၄၅ | ၃၄၅ | | |
| ၃၀ | ပေါက်ပင်ကွေ့ကျေးရွာအုပ်စု | ၃ | ၁၃၀၀ | ၁၁၁၈ | ၁၈၂ | ၁၈၀ | ၂ | |
| ၃၁ | ကျားကာကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၃၆၅ | ၄၃၅ | ၃၃၄ | ၁၀၁ | |
| ၃၂ | ခတက်ကုန်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၇၁၃ | ၈၇ | ၈၇ | | |
| ၃၃ | မြေစိုမိုးကောင်းကျေးရွာအုပ်စု | ၅ | ၃၃၀၀ | ၂၈၂၂ | ၄၇၈ | ၆၇၆ | | ၁၉၈ |
| ၃၄ | သံကျေးရွာအုပ်စု | ၆ | ၆၃၀၀ | ၅၀၃၀ | ၁၂၇၀ | ၁၁၇၃ | ၉၇ | |
| ၃၅ | ပဲခင်းကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၆၂၆ | ၄၂၄ | ၃၂၄ | ၁၀၀ | |
| ၃၆ | ပေါင်လောင်ကြီးကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၈၃၁ | ၃၁၉ | ၃၁၅ | ၄ | |

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၃၇ | ရွာသစ် ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၃၀ | ၁၂၀ | ၇၀ | ၅၀ | |
| ၃၈ | ရေသရောက် ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၄၄ | ၁၅၆ | ၁၅၆ | | |
| ၃၉ | ချောင်းဆုံ ကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၃၉၄ | ၄၀၆ | ၂၀၆ | ၂၀၀ | |
| ၄၀ | ရဲကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၈၃ | ၆၇ | ၆၇ | | |
| ၄၁ | သရက်ပင် ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၉၈ | ၃၀၂ | ၂၅၂ | ၅၀ | |
| ၄၂ | အုန်းကြော ကျေးရွာအုပ်စု | ၂ | ၆၅၀ | ၅၈၈ | ၆၂ | ၄၂ | ၂၀ | |
| ၄၃ | ဇရစ်ခဲ ကျေးရွာအုပ်စု | ၁ | ၁၅၀ | ၈၄ | ၆၆ | ၁၆ | ၅၀ | |
| ၄၄ | ကြောင် ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၁၇၁ | ၄၇၉ | ၄၇၇ | ၂ | |
| ၄၅ | ကြက်သားဟင်း ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၅၅၅ | ၃၉၅ | ၃၉၄ | ၁ | |
| ၄၆ | ဆူးကုန်းရပ်ကွက် | ၃ | ၃၄၀၀ | ၂၄၃၉ | ၉၆၁ | ၉၆၁ | | |
| ၄၇ | ရဲစုရပ်ကွက် | ၃ | ၃၅၅၀ | ၂၇၄၉ | ၈၀၁ | ၄၅၀ | ၃၅၁ | |
| ၄၈ | ကြက်မင်းတွန် ရပ်ကွက် | ၃ | ၃၆၀၀ | ၂၇၀၃ | ၈၉၇ | ၇၉၇ | ၁၀၀ | |
| ၄၉ | မြေကြည်လင် ရပ်ကွက် | ၃ | ၄၇၀၀ | ၃၇၅၆ | ၉၄၄ | ၉၄၃ | ၁ | |
| ၅၀ | ဘောဂဝတီ ရပ်ကွက် | ၄ | ၄၅၅၀ | ၃၆၁၄ | ၉၃၆ | ၉၃၉ | | ၃ |
| ၅၁ | လက်ပန်ဇင် ကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၂၀၃၈ | ၅၆၂ | ၅၆၃ | | ၁ |
| ၅၂ | ပြည်ပန်း ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၉၄၃ | ၂၀၇ | ၂၁၃ | | ၆ |
| ၅၃ | ကိုးပင်ကျေးရွာ အုပ်စု | ၃ | ၂၂၀၀ | ၁၇၇၉ | ၄၂၁ | ၄၂၁ | | |
| ၅၄ | ရှားပင်ကျေးရွာ အုပ်စု | ၁ | ၁၂၅၀ | ၁၀၃၅ | ၂၁၅ | ၂၁၅ | | |
| ၅၅ | ဒွေးလှကျေးရွာ အုပ်စု | ၁ | ၇၅၀ | ၆၀၈ | ၁၄၂ | ၁၄၄ | | ၂ |
| ၅၆ | ငါးဆူကျေးရွာ အုပ်စု | ၁ | ၂၅၀ | ၂၁၇ | ၃၃ | ၃၃ | | |
| ၅၇ | သင်ပျို ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၀၁ | ၁၄၉ | ၁၄၉ | | |
| ၅၈ | ကျီးအိပ် ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၈၈၂ | ၃၁၈ | ၃၁၈ | | |
| ၅၉ | စင်းကွန်း ကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၂၇၂၈ | ၃၂၂ | ၃၂၂ | | |
| ၆၀ | ပန်းခွာ ကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၄၈၉ | ၃၁၁ | ၃၁၁ | | |
| ၆၁ | ကျီးပြ ကျေးရွာအုပ်စု | ၃ | ၁၂၅၀ | ၁၀၅၁ | ၁၉၉ | ၁၉၉ | | |
| ၆၂ | ကြောင်ပန်းကုန်း ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၉၄၆ | ၂၀၄ | ၂၀၄ | | |
| ၆၃ | ညောင်ရွှေ ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၈၀ | ၁၇၀ | ၁၇၀ | | |
| ၆၄ | ညောင်ဝန်း ကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၅၈၆ | ၂၁၄ | ၂၁၄ | | |
| ၆၅ | ပွတ်တိုင် ကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၈၆၀ | ၃၄၀ | ၃၄၀ | | |
| ၆၆ | သင်ပုတ် ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၅၃၃ | ၃၆၇ | ၃၁၇ | ၅၀ | |
| ၆၇ | ငါးအိုး ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၉၀ | ၁၁၀ | ၁၀၉ | ၁ | |
| ၆၈ | ရွာနန်း ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၈၃ | ၁၁၇ | ၆၇ | ၅၀ | |
| ၆၉ | လက်ပန် ကျေးရွာအုပ်စု | ၅ | ၆၀၀၀ | ၄၃၅၃ | ၁၆၄၇ | ၁၅၉၉ | ၄၈ | |
| ၇၀ | ဇရပ်ဖြူ ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၉၅၅ | ၉၅ | ၉၅ | | |
| ၇၁ | မြောင်းဦး ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၉၂၆ | ၁၂၄ | ၁၂၄ | | |
| ၇၂ | ပနန် ကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၃၁၄ | ၁၈၆ | ၁၈၈ | | ၂ |
| ၇၃ | ကတဲ ကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၆၉၄ | ၃၀၆ | ၃၀၆ | | |
| ၇၄ | လက်ပန်ပင် ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၆၇ | ၈၃ | ၈၃ | | |
| ၇၅ | သူငယ်တော် ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၂၅ | ၁၂၅ | ၁၂၃ | ၂ | |
| ၇၆ | တံစိုးကျေးရွာ အုပ်စု | ၁ | ၈၅၀ | ၇၆၀ | ၉၀ | ၉၂ | | ၂ |
| ၇၇ | မုန့်ပေါင်း ကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၁၉၁ | ၂၅၉ | ၂၆၁ | | ၂ |
| ၇၈ | သမန္တလင်း ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၄၆၆ | ၂၈၄ | ၂၈၆ | | ၂ |
| ၇၉ | မြင်းကဘက် ကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၉၅ | ၂၀၅ | ၁၉၈ | ၇ | |
| ၈၀ | ရွာပုလဲ ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၁၁၆၇ | ၈၃ | ၈၅ | | ၂ |
| ၈၁ | မြေစိုပါယ်လေးဆယ် ကျေးရွာအုပ်စု | ၅ | ၁၉၅၀ | ၁၆၄၆ | ၃၀၄ | ၃၀၄ | | |
| ၈၂ | အနောက်သာဂရ ကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၈၁၄ | ၅၈၆ | ၅၈၅ | ၁ | |
| ၈၃ | ဘုံကွင်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၁၉၂ | ၃၀၈ | ၂၃၀ | ၇၈ | |
| ၈၄ | ဒါန်းတိုင် ကျေးရွာအုပ်စု | ၅ | ၃၃၀၀ | ၂၅၉၅ | ၇၀၅ | ၇၀၃ | ၂ | |
| ၈၅ | ရန်ဘက်လို ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၅၁ | ၁၄၉ | ၁၄၉ | | |
| ၈၆ | ပေတောကြီး ကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၉၅၃ | ၃၉၇ | ၃၄၅ | ၅၂ | |
| ၈၇ | စပါယ်တော ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၈၀၀ | ၄၀၀ | ၄၀၀ | | |
| ၈၈ | ရွှေအင်း ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၂၇ | ၁၇၃ | ၁၇၃ | | |
| ၈၉ | လေးဆယ်ကုန်း ကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၇၁၄ | ၄၈၆ | ၄၈၆ | | |
| ၉၀ | ဆူးလေကုန်း ကျေးရွာအုပ်စု | ၅ | ၉၃၅၀ | ၇၂၉၁ | ၂၀၅၉ | ၁၇၆၃ | ၂၉၆ | |
| ၉၁ | အင်ရောင်း ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၃၇၂ | ၂၇၈ | ၂၇၈ | | |
| ၉၂ | မင်းစုကျေးရွာအုပ်စု | ၂ | ၃၃၅၀ | ၂၇၅၅ | ၅၉၅ | ၅၉၅ | | |
| ၉၃ | တောတွင် ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၄၃၀ | ၂၂၀ | ၂၂၂ | | ၂ |
| ၉၄ | ကလိုင်ကျော် ကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၆၁၄ | ၃၃၆ | ၃၃၈ | | ၂ |

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၉၅ | ရဲမအူ ကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၁၁၉၁ | ၂၀၉ | ၂၀၉ | | |
| ၉၆ | မယ်ဇယ်ပင် ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၄၉ | ၁၀၁ | ၇၅ | ၂၆ | |
| ၉၇ | စိုင်မလန်း ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၃၂ | ၁၁၈ | ၁၆ | ၁၀၂ | |
| | ရပ်ကွက်/ကျေးရွာချုပ် | ၂၂၀ | ၂၀၆၅၅၀ | ၁၆၈၀၆၀ | ၃၈၄၉၀ | ၃၇၀၆၁ | ၂၅၀၁ | ၁၀၇၂ |
| | မြို့နယ်လက် ကျန်မဲလက်မှတ် | | ၁၇၅၅၂ | ၆၅၂ | ၁၆၉၀၀ | ၁၆၉၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၂၀ | ၂၂၄၁၀၂ | ၁၆၈၇၁၂ | ၅၅၃၉၀ | ၅၃၉၆၁ | ၂၅၀၁ | ၁၀၇၂ |

## ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၃။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၁၊ ကျေးရွာ ၂၁၀ ရှိပြီး မဲရုံပေါင်း ၁၃၅ ရုံအတွက် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲအရေအတွက် ၁၃၁၈၇၂ စောင်အား ရပ်/ကျေးမဲလက်မှတ် ၁၂၃၃၅၀ စောင်၊ မြို့နယ် မဲလက်မှတ် ၈၅၂၂ စောင်ဟူ၍ ဖြန့်ခွဲထုတ်ပေး အသုံးပြုထိန်းသိမ်းထားရှိပါသည်။ မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၂၃၃၅၀ | ၉၁၉၄၀ | ၃၁၄၁၀ | ၃၀၅၆၇ | ၉၁၃ | ၇၀ |
| ၂ | မြို့နယ်မဲလက်မှတ် | ၈၅၂၂ | ၂၆၄၈ | ၅၈၇၄ | ၅၇၄၃ | ၁၃၁ | |
| | စုစုပေါင်း | ၁၃၁၈၇၂ | ၉၄၅၈၈ | ၃၇၂၈၄ | ၃၆၃၁၀ | ၁၀၄၄ | ၇၀ |

၁၄။ ပန်းတောင်းမြို့နယ်၊ ရပ်/ကျေး မဲလက်မှတ် ၁၂၃၃၅၀ စောင်အနက် ၉၁၉၄၀ စောင် ဆန္ဒမဲပေး အသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၃၁၄၁၀ စောင် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၃၀၅၆၇ စောင်သာ စစ်ဆေးတွေ့ရှိရပါသည်။ မဲရုံတစ်ခုချင်းစီအလိုက် စစ်ဆေးတွေ့ရှိချက်အရ မဲရုံ ၁၁ ရုံတွင် မဲလက်မှတ် ၁၀၄၄ စောင် လျော့နည်းပျောက်ဆုံးလျက်ရှိပြီး မဲရုံ ၁၈ ရုံတွင် တရားမဝင်မဲလက်မှတ် အစောင် ၇၀ အပိုရှိနေကြောင်းတွေ့ရှိရပါသည်။

၁၅။ ပန်းတောင်းမြို့နယ်တစ်ခုလုံးတွင် မူလထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်ပေါင်း ၁၃၁၈၇၂ စောင်အနက် ၉၄၅၈၈ စောင်အား ဆန္ဒမဲပေးအသုံးပြုထားခဲ့ကြောင်းတွေ့ရပြီး မဲလက်မှတ်ပေါင်း ၃၆၃၁၀ စောင်အား အသုံးမပြုဘဲ ကျန်ရှိနေသည့်ဆန္ဒမဲလက်မှတ်များအဖြစ် မြေပြင်တွင် စစ်ဆေးတွေ့ရှိရပါသည်။

၁၆။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ကြခပ်ရပ်ကွက် | ၁ | ၁၄၅၀ | ၁၀၄၄ | ၄၀၆ | ၄၀၆ | | |
| ၂ | မင်းရပ်ရပ်ကွက် | ၁ | ၉၀၀ | ၆၈၀ | ၂၂၀ | ၂၁၈ | ၂ | |
| ၃ | ရတနာပုံရပ်ကွက် | ၄ | ၄၈၅၀ | ၃၁၀၇ | ၁၇၄၃ | ၁၇၄၇ | | ၄ |
| ၄ | ရွှေပင်ရပ်ကွက် | ၂ | ၂၉၀၀ | ၂၁၁၃ | ၇၈၇ | ၇၈၇ | | |
| ၅ | ပြည်တော်သာရပ်ကွက် | ၂ | ၂၂၅၀ | ၁၅၉၈ | ၆၅၂ | ၆၅၄ | | ၂ |
| ၆ | ရွာသာယာကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၂၈၉ | ၈၆၁ | ၈၆၀ | ၁ | |
| ၇ | ရွှေဘုံသာကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၆၁၆ | ၅၈၄ | ၅၈၃ | ၁ | |
| ၈ | ဆင်တဲကျေးရွာအုပ်စု | ၇ | ၈၆၀၀ | ၆၁၀၅ | ၂၄၉၅ | ၂၀၈၅ | ၄၁၀ | |
| ၉ | သရက်လိန်ကျေးရွာအုပ်စု | ၄ | ၃၆၀၀ | ၂၆၀၅ | ၉၉၅ | ၉၉၉ | | ၄ |
| ၁၀ | လဲကျေးရွာအုပ်စု | ၄ | ၃၂၀၀ | ၂၄၄၁ | ၇၅၉ | ၇၆၁ | | ၂ |
| ၁၁ | ညောင်ခြေထောက် ကျေးရွာအုပ်စု | ၄ | ၆၁၅၀ | ၄၄၅၀ | ၁၇၀၀ | ၁၇၀၄ | | ၄ |
| ၁၂ | ညောင်ကျိုးကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၇၉၂ | ၃၅၈ | ၃၆၄ | | ၆ |
| ၁၃ | စွယ်တော်ကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၁၄၈၁ | ၁၆၉ | ၁၇၀ | | ၁ |
| ၁၄ | ဒန့်ဒလွန်ကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၆၀၃ | ၈၄၇ | ၆၉၆ | ၁၅၁ | |
| ၁၅ | ငါးဆယ်ပေးကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၂၇၉ | ၃၇၁ | ၃၇၁ | | |
| ၁၆ | ဒေါင်းမနားကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၃၇၉ | ၄၇၁ | ၄၇၃ | | ၂ |
| ၁၇ | ရပ်သာကျေးရွာအုပ်စု | ၄ | ၂၄၀၀ | ၁၇၉၉ | ၆၀၁ | ၆၀၁ | | |
| ၁၈ | တလုပ်ပင်ကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၈၇၀ | ၅၃၀ | ၅၃၁ | | ၁ |
| ၁၉ | ကိုင်းကြီးကျေးရွာအုပ်စု | ၄ | ၂၁၅၀ | ၁၅၃၄ | ၆၁၆ | ၆၁၆ | | |
| ၂၀ | ဇရပ်လှကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၀၆၀ | ၂၉၀ | ၂၉၀ | | |
| ၂၁ | တောင်ဘို့ကြီးကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၂၄ | ၄၇၆ | ၄၇၆ | | |
| ၂၂ | ကျောင်းဦးကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၆၀၄ | ၅၉၆ | ၆၀၀ | | ၄ |
| ၂၃ | ရေကျော်ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၉၂ | ၅၀၈ | ၅၀၈ | | |
| ၂၄ | ကျီးပင်ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၂၄၅ | ၃၅၅ | ၃၅၅ | | |
| ၂၅ | ညောင်ပင်ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၅၁ | ၅၄၉ | ၅၄၉ | | |
| ၂၆ | ရွှေညီနောင်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၇၉ | ၁၂၁ | ၁၂၁ | | |
| ၂၇ | ဝန်လိုရပ်ကွက် | ၁ | ၁၃၀၀ | ၁၀၀၆ | ၂၉၄ | ၂၉၆ | | ၂ |
| ၂၈ | စီသာရပ်ကွက် | ၁ | ၁၄၀၀ | ၁၁၀၂ | ၂၉၈ | ၂၉၈ | | |
| ၂၉ | ဖောင်းကံရပ်ကွက် | ၁ | ၁၀၅၀ | ၈၁၁ | ၂၃၉ | ၂၃၉ | | |
| ၃၀ | တောင်ဘေွကျေးရွာအုပ်စု | ၅ | ၂၆၀၀ | ၁၉၄၃ | ၆၅၇ | ၆၁၄ | ၄၃ | |
| ၃၁ | ရေလယ်ကျွန်းကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၁၉၅ | ၄၅၅ | ၄၅၅ | | |
| ၃၂ | မကြီးထုံးကျေးရွာအုပ်စု | ၅ | ၃၁၅၀ | ၂၃၂၅ | ၈၂၅ | ၇၇၄ | ၅၁ | |
| ၃၃ | သူရဲတန်းကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၅၂၇ | ၇၂၃ | ၇၂၃ | | |
| ၃၄ | ထိပ်ပေါက်ကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၅၀၆ | ၂၉၄ | ၂၉၆ | | ၂ |
| ၃၅ | ကျောက်ဖူးကျေးရွာအုပ်စု | ၆ | ၅၃၅၀ | ၄၄၇၀ | ၈၈၀ | ၈၂၈ | ၅၂ | |
| ၃၆ | နတ်မောက်ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၂၀၃၃ | ၅၁၇ | ၅၁၅ | ၂ | |
| ၃၇ | ပဲကြီးကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၇၄၂ | ၄၅၈ | ၄၅၈ | | |
| ၃၈ | လှည်းကူးကျေးရွာအုပ်စု | ၃ | ၄၄၅၀ | ၃၇၃၈ | ၇၁၂ | ၇၁၂ | | |
| ၃၉ | ကြိုးကြာကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၆၄၇ | ၅၀၃ | ၅၀၃ | | |
| ၄၀ | ကျွန်းမီးကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၂၆၉၃ | ၆၅၇ | ၆၆၁ | | ၄ |
| ၄၁ | ထုံးဘိုကျေးရွာအုပ်စု | ၅ | ၅၃၅၀ | ၄၁၇၁ | ၁၁၇၉ | ၁၁၉၃ | | ၁၄ |
| ၄၂ | စမ်းဝကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၆၉ | ၂၃၁ | ၂၃၁ | | |
| ၄၃ | မြောင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၈၅ | ၂၁၅ | ၂၁၇ | | ၂ |
| ၄၄ | ကုန်းကလေးကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၈၃ | ၃၆၇ | ၃၆၉ | | ၂ |
| ၄၅ | ကွင်းလှကျေးရွာအုပ်စု | ၄ | ၄၀၅၀ | ၂၉၂၂ | ၁၁၂၈ | ၁၁၃၂ | | ၄ |
| ၄၆ | ထောက်ကြံ့ကုန်းကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၄၁၆ | ၃၈၄ | ၃၈၄ | | |
| ၄၇ | တုံကင်းကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၄၇၄ | ၂၇၆ | ၂၈၆ | | ၁၀ |
| ၄၈ | ကျီးတောကျေးရွာအုပ်စု | ၃ | ၂၆၅၀ | ၁၈၀၆ | ၈၄၄ | ၆၄၈ | ၁၉၆ | |
| ၄၉ | ဖရုံကားကျေးရွာအုပ်စု | ၃ | ၃၆၅၀ | ၂၄၃၆ | ၁၂၁၄ | ၁၂၁၀ | ၄ | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၁၃၅ | ၁၂၃၃၅၀ | ၉၁၉၄၀ | ၃၁၄၁၀ | ၃၀၅၆၇ | ၉၁၃ | ၇၀ |
| | မြို့နယ်ကြိုတင်မဲ | | ၈၅၂၂ | ၂၆၄၈ | ၅၈၇၄ | ၅၇၄၃ | ၁၃၁ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၅ | ၁၃၁၈၇၂ | ၉၄၅၈၈ | ၃၇၂၈၄ | ၃၆၃၁၀ | ၁၀၄၄ | ၇၀ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကိုရိုနာဗိုင်းရပ်စ်မူကွဲများ ကမ္ဘာတစ်ဝန်းလုံးတွင် ဆက်လက်ပျံ့နှံ့လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော

ဂျီနီဗာ မတ် ၃၁

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုရိုနာဗိုင်းရပ်စ်မူကွဲများသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဆက်လက်ပျံ့နှံ့လျက်ရှိကြောင်း ပြောကြားလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အင်္ဂလန်၊ တောင်အာဖရိကနှင့် ဘရာဇီးနိုင်ငံတို့တွင် တွေ့ရသော ကိုရိုနာဗိုင်းရပ်စ်မူကွဲသုံးမျိုးနှင့် ပတ်သက်ပြီး မူကွဲများ၏ စိုးရိမ်ဖွယ်အခြေအနေများကို ပြောကြားလိုက်သည်။

မတ် ၃၀ ရက်က ထုတ်ပြန်လိုက်သော အပတ်စဉ် ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ နောက်ဆုံး သတင်းဖော်ပြချက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အင်္ဂလန်ကိုရိုနာဗိုင်းရပ်စ် မျိုးကွဲသည် ယခုအခါတွင် နိုင်ငံနှင့်ဒေသပေါင်း ၁၃၀ သို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ပြောကြားလိုက်သည်။

တောင်အာဖရိက ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲသည် နိုင်ငံနှင့်ဒေသပေါင်း ၈၀ တွင် ကူးစက်ဖြစ်ပွားနေသည်ကို အတည်ပြုဖော်ပြလိုက်သလို ဘရာဇီးကိုရိုနာဗိုင်းရပ်စ်မျိုးကွဲသည် နိုင်ငံနှင့်ဒေသပေါင်း ၄၅ ခုသို့ ကူးစက်ပျံ့နှံ့ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အဆိုပါအခြေအနေကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲ၏ အသွင်ပြောင်းဗီဇမျိုးစိတ်များသည် လူသားများ၏ခုခံအားကို ထိခိုက်စေနိုင်ပြီး ကူးစက်ဖြစ်ပွားမှုများ ပိုမိုဖြစ်စေနိုင်ကြောင်း သိရသည်။

ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နောက်ထပ် စိတ်ဝင်စားဖွယ်ကောင်းသော ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲခြောက်မျိုးနှင့် ပတ်သက်ပြီး သတိပေးထားသည်။ အဆိုပါမျိုးကွဲများတွင် ဖိလစ်ပိုင်နှင့် ဂျပန်နိုင်ငံတွင် ဖေဖော်ဝါရီလက တွေ့ရှိခဲ့သော မျိုးရိုးဗီဇများနှင့် ပြင်သစ်နိုင်ငံတွင် ဇန်နဝါရီလက တွေ့ခဲ့သော မျိုးရိုးဗီဇများ ပါဝင်သည်။ ကမ္ဘာတစ်ဝန်းလုံးအတိုင်းအတာဖြင့် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုများ ဆက်လက်မြင့်တက်လျက်ရှိပြီး ဘရာဇီး၊ အမေရိကန် ပြည်ထောင်စု၊ အိန္ဒိယနှင့် ပိုလန်နိုင်ငံတို့တွင် ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်သည်။

အင်န်အိတ်ချ်ကေ



ဒိန်းမတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်မူကွဲများ ပျံ့နှံ့လျက်ရှိသည်ကို သုတေသနပြုလေ့လာနေသည်ကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံ အနောက်ပိုင်း အိုဆာကာခရိုင်တွင် နေ့စဉ်ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု ပိုမိုတိုးလာဟုဆို




ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ နေရာတစ်ခုကိုတွေ့ရစဉ်။

အိုဆာကာ မတ် ၃၁

ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာခရိုင်သည် နိုင်ငံအတွင်းရှိ တခြားခရိုင်များထက် နေ့စဉ် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု ပိုမိုတိုးလာကြောင်း၊ တင်းကျပ်သည့် ကိုဗစ်–၁၉ ဆန့်ကျင်ရေးဆောင်ရွက်ချက်များကို ချမှတ်ရန် ဗဟိုအစိုးရက ခရိုင်အုပ်ချုပ်ရေးမှူးကို ခွင့်ပြုချက်ပေးရေးနှင့်ပတ်သက်ပြီး တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ဗဟိုအစိုးရက နောက်ထပ် နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာခြင်းမပြုမီ အိုဆာကာအရာရှိများက ဒေသခံများကို ကိုဗစ်–၁၉ ကြိုတင်ကာကွယ်သည့်အဆင့်များကို လိုက်ပါလုပ်ဆောင်ရန် တောင်းဆိုထားသည်။

လွန်ခဲ့သောသီတင်းပတ်တွင် အိုဆာကာ၏အခြေအနေမှာ လုံးဝပြောင်းလဲသွားကြောင်း အဆိုပါ အရာရှိများက ပြောကြားလိုက်သည်။

အစိုးရအကြံပေးအဖွဲ့အကြီးအကဲက ဆေးရုံများတွင် လူနာခုတင်ရရှိနိုင်မှုသည် ယခုအခါတွင် အဆင့် ၄ သို့ နီးကပ်လာပြီဖြစ်ကြောင်း၊ အဆင့် ၄ သည် လူနာတင်ခုတင်ရရှိမှု အဆိုးဆုံးအခြေအနေဖြစ်ကြောင်း သိရသည်။

အိုဆာကာနေ ပြည်သူများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်မှုများ မည်သို့ဆောင်ရွက်သွားမလဲဆိုသည့် ဆုံးဖြတ်ချက်များချမှတ်ပြီးပါက ယခုအချိန်သည် ပိုမိုပြင်းထန်သည့် ကိုဗစ်–၁၉ ဆန့်ကျင်ရေးဆောင်ရွက်ချက်များကို ထုတ်ပြန်ရန် အချိန်ဖြစ်သည်ဟု ယူဆပါကြောင်း အစိုးရအကြံပေးအဖွဲ့ အကြီးအကဲ အိုမိရှိဂီရှုက ပြောကြားလိုက်သည်။

အိုဆာကာခရိုင် အစိုးရက စားသောက်ဆိုင်များနှင့် ဘားများကို ည ၈ နာရီတွင် ပိတ်ရန် တောင်းဆိုလိုက်သည်။ ထို့အပြင် အရာရှိများသည် ပြည်သူများအား စားသောက်ဆိုင်များနှင့် ဘားများသို့ သွားရောက်ရာတွင် နှာခေါင်းစည်းများတပ်ဆင်ရန်နှင့် သို့မဟုတ် အခန်းထဲသို့ ဝင်ရောက်ခြင်းမပြုရန် အကြံပြုထားသည်။

အင်န်အိတ်ချ်ကေ

# ကိုဗစ်–၁၉ ကန့်သတ်တားဆီးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသင့်ကြောင်း ဗြိတိန်ကျန်းမာရေးအာဏာပိုင်များက သတိပေးပြောကြား

လန်ဒန် မတ် ၃၁

ဗြိတိန်ကျန်းမာရေးအာဏာပိုင်များက မတ် ၃၁ ရက်က မိမိတို့နိုင်ငံသားများအနေဖြင့် ကိုဗစ်–၁၉ ကန့်သတ်တားဆီးရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို လိုက်နာသင့်ကြောင်းနှင့် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို ထောက်လှမ်းစုံစမ်းရန် ကိုဗစ်–၁၉ ကို ဆက်လက်သတိထားနေထိုင်ကြရန် လိုအပ်ကြောင်း သတိပေးပြောကြားလိုက်သည်။

မိမိတို့သည် ကိုဗစ်–၁၉ စည်းမျဉ်းများကို လိုက်နာရန် လိုအပ်ကြောင်း အဆင့်မြင့်ပြည်သူ့ကျန်းမာရေးအရာရှိတစ်ဦးဖြစ်သူ ဆီယန်ဂရစ်ဖစ်က ပြောကြားလိုက်သည်။

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်လိုပါက ပြည်သူများ တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးအတိုင်း နေထိုင်ကြရန် လိုအပ်ကြောင်း ၎င်းကပြောသည်။

ယခုသီတင်းပတ်တွင် ဗြိတိန်တွင် အပူချိန်များမြင့်တက်လျက်ရှိသောကြောင့် လူထောင်ပေါင်းများစွာ ပန်းခြံများနှင့် ကမ်းခြေများတွင် စုဝေးခဲ့ကြပြီးနောက် ယခုလို မှတ်ချက်စကားထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ကိုဗစ်–၁၉ ကန့်သတ်ချက်များ လျှော့ချလိုက်ပြီး ၄၈ နာရီကြာပြီးနောက် မတ် ၃၀ ရက်က ပြည်သူများသည် ပန်းခြံများနှင့် ကမ်းခြေများတွင် စုဝေးခဲ့ကြသည်။

မိမိတို့အနေဖြင့် အနည်းဆုံး နှစ်မီတာအကွာတွင် ရှိနေရန်လို




ဗြိတိန်ကျန်းမာရေးဝန်ကြီး မက်ဟန်ကော့ခ်။

ကြောင်း၊ သို့သော်လည်း အဆိုပါပုံများကို ကြည့်ရသည်မှာ ထိုသို့ဖြစ်ဟန်မတူကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ဗြိတိန်ကျန်းမာရေးဝန်ကြီး မက်ဟန်ကော့ခ်က မတ် ၃၀ ရက် ညတွင် သတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ နေပူဆာလည်း လို့၊ အန္တရာယ်ကင်းအောင်လည်း လုပ်ကြဟု ၎င်းက ထုတ်ပြန်ခဲ့သည်။ မိမိတို့ ယခုအချိန်အထိ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ယခုအခြေအနေကို အချည်းအနှီးမဖြစ်စေလိုကြောင်း ၎င်းက ပြောကြားလိုက်သည်။

ဆင်ဟွာ

# ကမ္ဘာ့ပထမဆုံး တိရစ္ဆာန်ကိုဗစ်ကာကွယ်ဆေးကို ရုရှားထုတ်လုပ်

မော်စကို မတ် ၃၁

ရုရှားနိုင်ငံသည် ကမ္ဘာ့ပထမဆုံး တိရစ္ဆာန်ကိုဗစ်ကာကွယ်ဆေးဖြစ်သည့် ကာနီဗက်–ကော့ဗ်ကို မှတ်ပုံတင်ခဲ့ကြောင်း ကျွဲ၊ နွား တိရစ္ဆာန်ရောဂါနှင့် အပင်ရောဂါထိန်းချုပ်ရေးအာဏာပိုင်အဖွဲ့ ရုရှားအခေါ် Rosselkhoznadzor က မတ် ၃၁ ရက်က ပြောကြားလိုက်သည်။

လက်တွေ့စမ်းသပ်မှုများကို အောက်တိုဘာလကစတင်ခဲ့သည်။ အဆိုပါစမ်းသပ်မှုတွင် ခွေးများ၊ ကြောင်များ၊ အာတိတ်မြေခွေးများ၊ အမွေးရှည်မြေပါများနှင့် တခြားတိရစ္ဆာန်များကို စမ်းသပ်ခဲ့ကြောင်း Rosselkhoznadzor ၏ ဒုတိယခေါင်းဆောင် ကွန်စတန်တင်ဆာဗန်ကော့ဗ်က ပြောကြားလိုက်သည်။

သုတေသနပြုလုပ်ချက်၏ ရလဒ်များအရ အဆိုပါ ကာကွယ်ဆေးသည် ကိုရိုနာဗိုင်းရပ်စ်ကို ခုခံကာကွယ်ကြောင်း သိရသည်။

ဆာဗန်ကော့ဗ်က ခြောက်လကြာခုခံကာကွယ်နိုင်သည့် အဆိုပါ တိရစ္ဆာန် ကိုဗစ်–၁၉ ကာကွယ်ဆေး အမြောက်အမြားထုတ်လုပ်မှုကို ဧပြီလတွင် စတင်နိုင်ရန် မျှော်မှန်းထားသည်။

အဆိုပါကာကွယ်ဆေးကို တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ရုရှားဖက်ဒရယ်ဌာနက တိုးတက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၃၁–၃–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃၀–၃–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၁–၃–၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၁၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၃၈,၂၄၄) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၄၃၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၀၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၃၁-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၁၀၉၈၁၇၉ | ၂၃၅၈၆၈၁၄ | ၅၆၄၁၄၄ |
| ၂။ | ဘရာဇီး | ၁၂၆၆၄၀၅၈ | ၁၁၀၇၄၄၈၃ | ၃၁၇၉၃၆ |
| ၃။ | အိန္ဒိယ | ၁၂၁၄၉၃၃၅ | ၁၁၄၃၄၃၀၁ | ၁၆၂၅၀၂ |
| ၄။ | ပြင်သစ် | ၄၅၈၅၃၈၅ | ၂၉၂၇၉၆ | ၉၅၃၃၇ |
| ၅။ | ရုရှား | ၄၅၄၅၀၉၅ | ၄၁၆၆၁၇၂ | ၉၈၈၅၀ |
| ၆။ | ဗြိတိန် | ၄၃၄၁၇၃၆ | ၃၈၃၅၂၁၈ | ၁၂၆၆၇၀ |
| ၇။ | စပိန် | ၃၂၇၅၈၁၉ | ၃၀၄၂၃၅၂ | ၇၅၃၀၅ |
| ၈။ | အီတလီ | ၃၅၆၁၀၁၂ | ၂၈၈၉၃၀၁ | ၁၀၈၈၇၉ |
| ၉။ | တူရကီ | ၃၂၇၇၈၈၀ | ၂၉၉၅၀၃၃ | ၃၁၃၈၅ |
| ၁၀။ | ဂျာမနီ | ၂၈၀၉၅၁၀ | ၂၅၂၁၈၀၀ | ၇၆၈၃၃ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃၁- ၃ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၅၁၁၇၁၂ | ၁၃၄၈၃၃၀ | ၄၀၈၅၈ |
| ဖိလစ်ပိုင် | ၇၄၇၂၈၈ | ၆၀၃၇၄၆ | ၁၃၂၉၇ |
| မလေးရှား | ၃၄၅၅၀၀ | ၃၂၇၆၂၄ | ၁၂၇၂ |
| မြန်မာ | ၁၄၂၄၃၄ | ၁၃၁၈၀၀ | ၃၂၀၆ |
| စင်ကာပူ | ၆၀၃၈၁ | ၆၀၁၃၈ | ၃၀ |
| ထိုင်း | ၂၈၈၆၃ | ၂၇၄၂၆ | ၉၄ |
| ဗီယက်နမ် | ၂၆၀၃ | ၂၃၅၉ | ၃၅ |
| ကမ္ဘောဒီးယား | ၂၄၄၀ | ၁၁၉၁ | ၁၁ |
| ဘရူနိုင်း | ၂၁၀ | ၁၉၄ | ၃ |
| လာအို | ၄၉ | ၄၅ | ၀ |

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင်စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
စာတိုက်သေတ္တာအမှတ်(၁၄၄)၊
ဖုန်းနံပါတ်၀၆၇–၈၁၀၃၃၄၇၊ ၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# လက်သုံးချောင်းထောင်ခြင်း၏ နောက်ကွယ်ကအရာ...

## ကိုသံချောင်း – မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁၁)

ဒေါင်

**"ခင်ဗျားတို့ဟာက မမြင်ရတဲ့ဦးဆောင်သူတွေ လေလှိုင်းပေါ်က ပြောတာတွေနဲ့ပဲ အခုလောက်အထိ ဖြစ်နေတာက အတော်ကို ဆိုးတာပဲအပျိုကြီးရဲ့။ နတ်ဆိုးစေတန်တို့၊ လူစီဖာတို့ကို ဆရာတင်နေမိတဲ့သူတွေလို ဖြစ်နေပြီဗျ။ ကျွန်တော်တို့ တိုင်းပြည်က ပြည်သူတွေအများစုဟာ သိပ်ကိုရိုးသားကြတယ်။ နိုင်ငံရေးပရိယာယ်ကိုလည်း နားမလည်ဘူး။ တစ်ပါတီအာဏာရှင်ဖြစ်ပြီး ငါးနှစ်လုံးလုံး "ကျွန်မတို့ ပြည်သူတွေ၊ ကျွန်မတို့ ပြည်သူတွေနဲ့" ပြည်သူတွေရဲ့ မေတ္တာတရားကို ခုတုံးလုပ်ပြီး လုပ်ချင်ရာလုပ်တုန်းကလည်း သေသေချာချာ မသိခဲ့ကြဘူး။ နိုင်ငံတကာ နိုင်ငံရေးအခြေအနေ၊ ပထဝီနိုင်ငံရေး သဘောတရားတွေကိုလည်း ဘာမှမသိကြဘူး။ သိတဲ့သူတွေ၊ သတိထားမိတဲ့သူတွေက ထောက်ပြတဲ့အခါမှာလည်း လူအုပ်စုတွေဝိုင်းပြီး ကျီးအာသလို အာကြတယ်။ အခုအချိန်မှာလည်း အဆိုးဆုံးကတော့ ပညာတတ်တွေကိုယ်တိုင်ကကို အခြေအနေကို မသုံးသပ်ဘဲ ဒိန်းဒလိန်း နတ်ဖမ်းစားသလိုမျိုး ဆေးကို မမီတော့တာဗျို့။ ဘယ်လိုရှင်းပြတာမျိုးမှလည်း လက်မခံချင်ကြတော့ဘူး"**

တစ်ကိုယ်လုံးညစ်ပေနံစော်နေတဲ့မစာဥကိုကြည့်ရင်း ကိုသံချောင်း အံ့အားသင့်မိနေပါတယ်။ အသန့်အပြန့်ကြိုက်သူ အပျိုကြီးမစာဥဟာ ဘယ်လိုအကြောင်းကြောင့် ဒီလိုညစ်ပေတဲ့ အလုပ်ကိုများ လုပ်သလဲပေါ့။

"ရှင်... အံ့ဩသွားတာလား ကိုသံချောင်းရဲ့။ ဒါက နောက်ဆုံးပေါ် သပိတ်ရှင့် အမှိုက်သပိတ်လို့ ခေါ်တယ်။ ကျွန်မတော့ အိမ်ကအမှိုက်တွေ၊ စွန့်ပစ်ရမယ့်ပစ္စည်းအစုတ်တွေကို လမ်းထိပ်သွားပြီး ချခဲ့တာ။ လက်စနဲ့ သူများအိမ်ကအမှိုက်တွေပါယူပြီး ချပေးခဲ့တယ်..."

ကိုသံချောင်း သိလိုက်ပါပြီ။ အိမ်ကအမှိုက်တွေ၊ လမ်းထိပ်အမှိုက်ပုံးက အမှိုက်တွေကို လမ်းပေါ် သွန်ပစ်တယ်။ အမှိုက်သပိတ် လုပ်တယ်။ လက်ရှိအစိုးရကို အမှိုက်သပိတ် မှောက်တယ်ပေါ့လေ။

"မအံ့ဩပါဘူးဗျာ။ ခင်ဗျားလို မြှောက်ပေးတိုင်း လုပ်တတ်တဲ့သူတွေကိုမြင်တိုင်း သွားလေသူ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်မင်းဆက် မြန်မာနိုင်ငံတော်ကြီးကို ဘုန်းမီးနေလ တောက်ပအောင် စွမ်းဆောင်ခဲ့ကြတဲ့ ဘုရင်မင်းကြီးတွေ၊ လွတ်လပ်ရေးအတွက်၊ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် အသက်စွန့်သွားကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်တွေကိုပဲ ထပ်တလဲလဲ အားနာမိတာ။ ခင်ဗျားတို့ဟာက ဒီမိုကရေစီ တောင်းဆိုတဲ့သူလို့ ပြောဖို့တောင် မထိုက်တန်တဲ့ သူတွေပဲဗျာ"

"ဒီမယ် ကိုသံချောင်း။ လွှင့်ပစ်ရမယ့်အမှိုက်တွေနဲ့ တော်လှန်တာဟာ ခေတ်မီတာရှင့်"

"ဟုတ်ပါပြီဗျာ။ အဲဒီလိုခင်ဗျားတို့ လမ်းပေါ် အမှိုက်တွေ လွှင့်ပစ်တော့ ခင်ဗျားတို့ မြို့၊ ခင်ဗျားတို့ လမ်းပဲ ညစ်ပတ်နံစော်နေရတာ မဟုတ်လားဗျာ။ ပြီးတော့ အဲဒီအနံ့အသက်တွေက သက်ကြီးရွယ်အိုတွေကို ဒုက္ခရောက်စေတယ်။ အကယ်၍များ လမ်းထဲက တစ်ယောက်ယောက် အရေးပေါ် ဆေးကုသဖို့ လိုအပ်တယ်ဆိုပါတော့ဗျာ။ အမှိုက်တွေ ပိတ်ထားလို့ သွားရခက် လာရခက်နဲ့ ထိခိုက်မှာက ဘယ်သူဖြစ်မလဲဆိုတာ မစဉ်းစားမိကြဘူးလား။ နေကပူပူနဲ့ အမှိုက်သရိုက်တွေ ပြန်သိမ်းနိုင်းမှ နံနံစော်စော်နဲ့ နောက်မလုပ်တော့ပါဘူးရှင့်ဆိုပြီး မငိုကြနဲ့နော်။ အခုလို ဥပဒေကို ဆန့်ကျင်ပြီး ထိခိုက်အောင် တစ်နေ့တစ်မျိုး ဖောက်ဖျက်ကျူးလွန်နေတဲ့အဓိကရည်ရွယ်ချက်က ဘာများလဲဗျာ"

**"ကျွန်တော်စိတ်ပူတာလည်း ဒီကိစ္စပဲ။ လူတွေကို လမ်းပေါ်ထွက်ခိုင်း၊ ဥပဒေနဲ့ဆန့်ကျင်ခိုင်း၊ ဒေါက်တာဆာဆာတို့လို၊ ဒေါက်တာဇော်ဝေစိုးတို့လို ထင်ရှားတဲ့လူတော်တွေကို သိမ်းသွင်းပြီး သစ္စာဖောက်ဖြစ်အောင်၊ ဝရမ်းပြေးဖြစ်အောင် မြှောက်ပေးပြီး နောက်ကွယ်လက်မည်းကြီးကို ကျွန်တော်တော့ ရေးရေးမြင်ရသလိုပဲဗျ။ ဆေးတက္ကသိုလ် (၁) ကျောင်းသားသမဂ္ဂကဆိုပြီး အပြစ်ဝန်ချ တောင်းပန်လွှာထုတ်တာ၊ သန်လျင်နည်းပညာတက္ကသိုလ် ကျောင်းသားသမဂ္ဂကဆိုပြီး တောင်းပန်စာထုတ်တာတွေကို မြင်ရတာ အတော်လေး စိတ်ပျက်မိတယ်ဗျာ"**

"ဒီမိုကရေစီရှင့်. ကျွန်မတို့ လိုချင်တာ ဒီမိုကရေစီပဲ"

မစာဥက ဒေါနဲ့မာန်နဲ့ ရေရွတ်လိုက်တဲ့ စကားစုက ကိုသံချောင်းအတွက်တော့ မပြုံးဘဲ ဝါးလုံးကွဲသာ ရယ်လိုက်ချင်တော့တာ။

"ဘာဗျ... ဒီမိုကရေစီတဲ့လား။ ဒါဖြင့် အခုက ဒီမိုကရေစီလမ်းကြောင်းသွားနေတာ မဟုတ်လားဗျ။ ခင်ဗျားကို ရှင်းပြရတာလည်း ကျွန်တော်မောပြီး အသက်ထွက်တော့မယ်။ ဒီမိုကရေစီလမ်းကြောင်းအတိုင်း သွားနေတာ ၂၀၁၀ ရွေးကောက်ပွဲ၊ ၂၀၁၅ နဲ့ အခု ၂၀၂၀ ရွေးကောက်ပွဲဆိုပြီး ဖြတ်သန်းလာခဲ့တာလေဗျာ။ တတိယသက်တမ်းကျမှ မဲလိမ်၊ မဲခိုးလို့ အဲဒါကို ဖော်ထုတ်နေပြီလေ။ ညှိနှိုင်းဆောင်ရွက်တာကို လက်မခံလို့ တပ်မတော်ကနေ ဥပဒေနဲ့အညီ အရပ်သားတွေပါဝင်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဆိုတာကို ဖွဲ့တယ်။ ပြီးတော့ သွားမယ့်လမ်းကြောင်းက ခင်ဗျားပြောတဲ့ ဒီမိုကရေစီပဲ။ တစ်ခုတော့ ရှိတယ်။ စည်းလွတ် ဝါးလွတ် ကြိုက်တဲ့သူတက်ပြီး အုပ်ချုပ်မယ့် ဒီမိုကရေစီတော့ မဟုတ်ဘူး။ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံ ဒီမိုကရေစီပဲ။ ရွေးကောက်ပွဲကို စနစ်တကျနဲ့ ပြန်ကျင်းပကြမယ်ဆိုတာ ခင်ဗျားလည်း သိပြီးသား ပဲလေဗျာ"

"ဒါတွေမသိဘူးရှင့်။ ကျွန်မကတော့ လက်သုံးချောင်းကို အမြဲထောင်ထားမယ်။ မနက်ကိုးနာရီတိုင်း နွေဦးတိုက်ပွဲမှာ ကျဆုံးသူတွေအတွက် လက်ခုပ်တီးမယ်။ နေ့ခင်းဆို ဆန္ဒပြမယ်။ ညဆို သံပုံးတီးမယ်။ အဲဒါဒီမိုကရေစီအတွက် တိုက်ပွဲပဲ"

"ခင်ဗျားတို့ဟာက မမြင်ရတဲ့ဦးဆောင်သူတွေ လေလှိုင်းပေါ်က ပြောတာတွေနဲ့ပဲ အခုလောက်အထိ ဖြစ်နေတာက အတော်ကိုဆိုးတာပဲ အပျိုကြီးရဲ့။ နတ်ဆိုးစေတန်တို့၊ လူစီဖာတို့ကို ဆရာတင်နေမိတဲ့ သူတွေလို ဖြစ်နေပြီဗျ။ ကျွန်တော်တို့ တိုင်းပြည်က ပြည်သူတွေအများစုဟာ သိပ်ကိုရိုးသားကြတယ်။ နိုင်ငံရေး ပရိယာယ်ကိုလည်း နားမလည်ဘူး။ တစ်ပါတီအာဏာရှင်ဖြစ်ပြီး ငါးနှစ်လုံးလုံး "ကျွန်မတို့ ပြည်သူတွေ၊ ကျွန်မတို့ ပြည်သူတွေနဲ့" ပြည်သူတွေရဲ့ မေတ္တာတရားကို ခုတုံးလုပ်ပြီး လုပ်ချင်ရာလုပ်တုန်းကလည်း သေသေချာချာ မသိခဲ့ကြဘူး။ နိုင်ငံတကာ နိုင်ငံရေးအခြေအနေ၊ ပထဝီနိုင်ငံရေး သဘောတရားတွေကိုလည်း ဘာမှမသိကြဘူး။ သိတဲ့သူတွေ၊ သတိထားမိတဲ့သူတွေက ထောက်ပြတဲ့အခါမှာလည်း လူအုပ်စုတွေဝိုင်းပြီး ကျီးအာသလို အာကြတယ်။ အခုအချိန် မှာလည်း အဆိုးဆုံးကတော့ ပညာတတ်တွေကိုယ်တိုင်ကကို အခြေအနေကို မသုံးသပ်ဘဲ ဒိန်းဒလိန်း နတ်ဖမ်းစားသလိုမျိုး ဆေးကို မမီတော့တာဗျို့။ ဘယ်လိုရှင်းပြတာမျိုးမှလည်း လက်မခံချင်ကြတော့ဘူး"

"ဒါကတော့ ကိုသံချောင်း အမြင်ပေါ့လေ။ ကျွန်မကတော့ နိုင်ငံရေးလည်း မသိဘူး။ နားလည်းမလည်ပါဘူး။ ကျွန်မက ပြည်သူထဲက ပြည်သူဆိုတော့ ပြည်သူတွေက အဲဒီလိုလုပ်ဆိုရင် လိုက်ပြီး လုပ်ကြရမှာပဲ။ နိုင်ငံတကာကလည်း လာတော့မှာပါရှင့်"

"တော်ပါတော့ အပျိုကြီးရယ်။ ခင်ဗျားတို့ အထင်ကြီးနေတဲ့ ဆာဆာဆိုတဲ့ ဝရမ်းပြေး လူငယ်လေး ကိုယ်တိုင်တောင် ဝန်ခံထားရပြီလေဗျာ။ တရုတ်နဲ့ ရုရှားရှိနေသရွေ့ နိုင်ငံတကာတပ်တွေ ဝင်ပြီး R2P လုပ်ဖို့ ခက်ပါသတဲ့ဗျာ။ ဒါကြောင့် အပြင်က ပူးတိုက်မယ်တို့ အတွင်းက ခွတိုက်မယ်တို့ မစဉ်းစားပါနဲ့ဗျာ။ အေးအေးချမ်းချမ်းနဲ့ ရွေးကောက်ပွဲ အမြန်ဆုံး ပြန်ကျင်းပနိုင်အောင်သာ ကြိုးစားကြပါစို့လား။ အခုဟာက ပြည်သူတွေက ရိုးရိုးဆန္ဒပြပွဲတွေအပြင် ကျွန်တော်စိတ်ပူတဲ့ ကိစ္စတစ်ခုလည်း ရှိသေးတယ် မစာဥရဲ့"

"ဟုတ်တယ် အဲဒါတော့ ကျွန်မဆီမှာလည်း တိုင်းပြည်အတွက် စိတ်ပူတဲ့အကြောင်း တစ်ခုရှိတယ်။ ရိုဟင်ဂျာတွေကို တောင်းပန်ပါတယ်ဆိုပြီး စာတွေထုတ်ကြ၊ ဝမ်းနည်းကြတာတွေ မြင်ရတာတော့ တော်တော်စိတ်ပျက်တယ်ရှင်"

"အလို့... ခင်ဗျားနဲ့ ကျွန်တော်က မတူတာတွေရှိသလို တူညီတဲ့ခံစားချက်တွေလည်း ရှိနေတာကို အပျိုကြီးရဲ့။ ကျွန်တော်စိတ်ပူတာလည်း ဒီကိစ္စပဲ။ လူတွေကိုလမ်းပေါ်ထွက်ခိုင်း၊ ဥပဒေနဲ့ဆန့်ကျင်ခိုင်း၊ ဒေါက်တာဆာဆာတို့လို၊ ဒေါက်တာဇော်ဝေစိုးတို့လို ထင်ရှားတဲ့လူတော်တွေကို သိမ်းသွင်းပြီး သစ္စာဖောက်ဖြစ်အောင်၊ ဝရမ်းပြေးဖြစ်အောင် မြှောက်ပေးပြီး နောက်ကွယ်လက်မည်းကြီးကို ကျွန်တော်တော့ ရေးရေးမြင်ရသလိုပဲဗျ။ ဆေးတက္ကသိုလ် (၁) ကျောင်းသားသမဂ္ဂကဆိုပြီး အပြစ်ဝန်ချတောင်းပန်လွှာထုတ်တာ၊ သန်လျင်နည်းပညာတက္ကသိုလ် ကျောင်းသားသမဂ္ဂကဆိုပြီး တောင်းပန်စာထုတ်တာတွေကိုမြင်ရတာ အတော်လေး စိတ်ပျက်မိတယ်ဗျာ"

"ရှင်က ပွဲခင်းထဲရောက်တယ်ထင်ပြီး ဖျာဝင်ခင်းချင် ပြန်ပြီ။ ကျွန်မက ပြည်သူ တစ်ယောက်မို့ ခံစားချက်ရှိသလို တိုင်းပြည်ကို ချစ်တဲ့စိတ်ကြောင့် ဘင်္ဂါလီအရေးကိုတော့ စိတ်ပူတယ်ရှင့်။ ရှင်သိရဲ့လား ဒီရက်ပိုင်းမှာ "လူမျိုးတုံးသတ်ဖြတ်တာကို ခံထားရတဲ့ ရိုဟင်ဂျာလေးတွေကလည်း တို့နိုင်ငံက ညီအစ်ကိုမောင်နှမများနဲ့ ထပ်တူပါပဲ။ ကျွန်တော်တို့လည်း အိမ်ပြန်လာချင်ပါတယ်။ ဝန်ထမ်းတွေ အလုပ်မဆင်းတာ၊ ဂျန်ဇီလေးတွေ သွေးမြေကျနေတာတွေကို မြင်ရတာ ခံစားရပါတယ်။ ပြည်သူတွေကို ထောက်ခံပါတယ်။ အတူတူရှိပါတယ်။

စာမျက်နှာ ၁၇ သို့

# ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံဖမ်းဆီးရမိ



နေပြည်တော် မတ် ၃၁

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေသတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့နယ် ရေနီကန်ကျေးရွာရှိ ကျော်စွာထူး (ခ) ကျော်ထူး (ဘ) ဦးကျော်ဝင်း၏ နေအိမ်၌ ၎င်းနှင့်အတူ ကျော်ဇင်ဦး (ဘ) ဦးလုကာ အား လက်လုပ်သေနတ် တစ်လက်၊ ဓားသုံးချောင်း၊ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၂ပြား၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် ဖက်ခင်းလမ်းရှိ စောကိုမောင် (ခ) မျိုးမင်းထိုက် (ဘ) ဦးမြင့်သန်း ၎င်းနှင့် ကပ်လျက်နေအိမ်မှ မျိုးသန်းဆွေ (ဘ) ဦးသန်းဌေးနှင့် မဆွေဆွေလှိုင် (ဘ) ဦးကြည်ဝင်းတို့အား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၉ ပြား၊ လက်လုပ်သေနတ် တစ်လက်၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် သပြေခြံလမ်း သီဟရာမကျောင်းသစ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများအား လည်းကောင်း၊ ရန်ကင်းမြို့နယ် (၁၆) ရပ်ကွက် မိုးကောင်းလမ်း တိုက်(၂) အခန်း (ဒီ/လေး) ၌ ကိုဘိုကြီး (ဘ) ဦးဖေတင်၊ သူရကျော် (ဘ) ဦးအောင်ဇော်မင်း၊ မင်းစွမ်း (ခ) မင်းသန့် (ဘ) ဦးအေးလွင်တို့ သုံးဦးအား ဓားမြှောင်စုံ ရှစ်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ကမာရွတ်မြို့နယ် (၃) ရပ်ကွက် ဗဟိုလမ်း အမှတ် (၁၁၁) မြေညီထပ်၌ ဦးမျိုးဟန်ကျော် (ဘ) ဦးတင်ဝင်းအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၀) ဒုတ္တဝတီလမ်း နဝရတ်လမ်းနှင့် ရတနာလမ်းကြားရှိ ဇော်ထွန်း (ခ) မော်ထွန်း၏ နေအိမ်၌ လက်လုပ်မိုင်း တစ်လုံး၊ မီးပုလင်း ၁၀ လုံး၊ အခြားဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ ပုဂံမြို့ဟောင်း တောင်ဘီကျေးရွာရှိ လူမနေသည့် ခြံဝင်းအတွင်းမှ လက်လုပ်သေနတ် ၂၆ လက်၊ အခြားဆက်စပ်ပစ္စည်းများအားလည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် သီပေါမြို့နယ်၌ လုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များက ဇော်စု ရပ်ကွက်အနီးစက္ကူအတွင်း၌လက်ပစ်ဗုံးတစ်လုံးအား လည်းကောင်း၊ တောင်ကြီးမြို့ မြို့မရပ်ကွက် တူးမြောင်းလမ်းရှိ Noe JPO တည်းခိုခန်းရှေ့ရှိ ရွက်လှပန်းချံအတွင်း၌ အသံဗုံးတစ်လုံးအား လည်းကောင်း၊ ထားဝယ်မြို့ ဈေးတောဝရပ်ကွက်၊ မြို့ဝင် စစ်ဆေးရေးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်ဝင်/ထွက်မှုများ စစ်ဆေးဆောင်ရွက်စဉ် မေတ္တာမြို့ဘက်မှ ထားဝယ်မြို့ဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်အမှတ်၊ MDY 4N/----- Nissan အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ မောင်မောင်ဝင်း (ဘ) ဦးအောင်မြင့်စိန် အား ၃၂ ဗို့ ပစ္စတို တစ်လက်၊ ၎င်းကျည် ရှစ်တောင့်နှင့်လည်းကောင်း(အပေါ်ပုံ)၊ ကျောက်မော် ရပ်ကွက် ကျွန်းမာရေးလမ်း၌ ကိုဇေ (ခ) ဇေလင်းဦး (ဘ) ဦးသန်းညွန့် မောင်းနှင်ပြီး မရတနာချို (ခ) နှင်းဆုလှိုင် (ဘ) ဦးအောင်သိန်း စီးနင်းလိုက်ပါလာသည့်မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ၎င်းတို့ နှစ်ဦးအား ပါရာပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဒဂုံလွင်လမ်း အမှတ် (၆) မြေညီထပ်ရှိ NLD ရပ်/ကျေးအတွင်းရေးမှူးဖြစ်သူ ဦးဇော်ဝင်းဖြိုး (ဘ) ဦးဗိုလ်ဝင်းအား ၎င်းပိုင်ဆိုင်သော ဖြိုးစတိုးဆိုင်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်း ရပ်ကွက် စည်ပင်ဝင်းလိုင်း (၉) အခန်း (၆) ၌ ဒေါ်ကေသီ (ဘ) ဦးကာဆင် အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ လိုင်း (၁၉) အခန်း (၄) ရှိ မင်းစိုး (ခ) နာဂစ်နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများအား လည်းကောင်း၊ ပုတောမြို့ အရှေ့ပိုင်းရပ်ကွက်ရှိ ဝေမင်းကို (ဘ) ဦးဘိုချုပ်အား ၎င်း၏နေအိမ်၌ လက်လုပ်သေနတ် တစ်လက်ဖြင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရထိရောက်စွာအရေးယူနိုင်ရန် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများက အစိုးရအုပ်ချုပ်ရေးရုံးများကို အဖျက်အမှောင့်လုပ်ရပ်များ ဆက်လက်လုပ်ဆောင်



နေပြည်တော် မတ် ၃၁

ဆူပူအကြမ်းဖက်သူများက ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် အစိုးရအုပ်ချုပ်မှု ယန္တရားများ အနှောင့်အယှက် ဖြစ်စေရေးအတွက် အဖျက်အမှောင့် လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၄ နာရီ ၄၅ မိနစ်ခန့်တွင် မွန်ပြည်နယ် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြို့နယ်ပညာရေးမှူးရုံးအား ဆူပူအကြမ်းဖက်သူ လူတစ်စုက မီးပုလင်းများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် ရုံးခန်းအတွင်း မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်မှု ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၅၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး ရုံးခန်းအတွင်း ပရင်တာ တစ်လုံး၊ ထိုင်ခုံ နှစ်လုံး၊ စာရွက်စာတမ်း အချို့မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ (ယာပုံ)

## ပျက်စီးဆုံးရှုံး

၎င်းပြင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ပန်းဘဲတန်းရပ်ကွက် တက္ကသိုလ်မြို့ပတ်လမ်းရှိ ပန်းဘဲတန်းရပ်ကွက် အမှတ်(၂) ရဲကင်းစခန်း အဟောင်းအား ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူ လူတစ်စုက မီးရှို့ခဲ့ခြင်းကြောင့် ရဲကင်းစခန်းတစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ထို့အတူ ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် ရွှေပြည် ၈ လမ်းနှင့် ဗိုလ်လက်ရာလမ်းရှိ မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးကို ဆိုင်ကယ် တစ်စီးဖြင့် စီးနင်းလာသော အမျိုးသား နှစ်ဦး (စီစစ်ဆဲ) မှ လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ထွက်ပြေးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ PVC ပိုက်ဖြင့် ပြုလုပ်ထားသော အလျား ၈ လက်မ၊ အနံ ၁ လက်မ ခွဲခန့်ရှိ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း တစ်လုံး (စနက်ကြိုးပါ) အား တွေ့ရှိသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက အများပြည်သူလူထု ဘေးအန္တရာယ်မဖြစ်စေရေး လက်လုပ်မိုင်းအား ဖျက်ဆီးခဲ့ရာတွင် အဆိုပါမိုင်းအတွင်းမှ ယမ်းစိမ်း၊ ကန့်၊ မီးသွေး၊ ဖိနပ်ရိုက်သံ ၈၉ ချောင်းတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်တွင် လားရှိုးမြို့ အမှတ်(၅) ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းရှိ လူနေထိုင်ခြင်းမရှိသည့် အမှတ် (၃) ရဲကင်းစခန်းအား အမျိုးသား နှစ်ဦး (စီစစ်ဆဲ) က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့ရာ အဆောက်အအုံ၏ အမိုးသွပ်နှင့် ပျဉ် နှစ်ချပ်တို့မှာ ဘောစေ့များ ထိမှန်ပေါက်ပြဲ ပျက်စီးပြီး လူထိခိုက် ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

ထို့ပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်ရှိ (၁၀၅) မိုင် စစ်ဆေးရေးဂိတ်ကို မတ် ၃၀ ရက် ည ၈ နာရီခွဲခန့်တွင် ဆိုင်ကယ် တစ်စီးဖြင့် (စီစစ်ဆဲ) အမျိုးသား နှစ်ဦးက လက်လုပ် လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင် သုံးဦးတွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် အဆိုပါ မိုင်းစထိမှန်ဒဏ်ရာရရှိသူများအား ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အများပြည်သူ အသုံးပြုနေသည့် လမ်း၊ တံတားများအား မင်းမဲ့စရိုက်ဆန်စွာ ဖောက်ခွဲဖျက်ဆီးခဲ့သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် အား ရန်ပြုတိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်သူများကို အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၁၆ မှ

ဒီတော်လှန်ရေးအောင်ရပါမယ်" ဆိုပြီး ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းကပုံတွေ အွန်လိုင်းမှာ တက်လာတယ်ရှင့်"

"ဖျာခင်းတာက ကျွန်တော် မဟုတ်ရပါဘူး မစာဥရယ်။ အဲဒီလိုလူတွေပေါ့ဗျာ။ တိုင်းပြည်မငြိမ်မသက်ဖြစ်လေ ကြိုက်လေပေါ့။ ဒါမှတိုင်းပြည်ပျက်စီးမယ်။ သူတို့က လစ်ဘရယ်ဆိုပြီး အော်ကြလိမ့်မယ်ဗျ။ ပြီးတာနဲ့ သွေးထိုးပြီး အခုကျောင်းသားသမဂ္ဂတွေ စာထုတ်တာလိုမျိုးကို တိုးပြီးဖော်ဆောင်လာကြလိမ့်မယ်ဗျာ။ အတူတူနေပြီး ဆွေမျိုးသားချင်းတွေလိုဖြစ်နေတဲ့ ပြည်တွင်းက အစ္စလာမ်ဘာသာ ကိုးကွယ်သူတွေကိုတော့ အားနာမိပါတယ်ဗျာ။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ရိုဟင်ဂျာဆိုပြီး အတင်းကို တိုင်းရင်းသားဖြစ်ဖို့ စောင့်နေတဲ့ ဘင်္ဂါလီတွေကိုတော့ ပြည်သူတစ်ယောက်အနေနဲ့ လုံးဝ လက်မခံနိုင်ဘူးဗျာ။ တပ်မတော်လိုအားကောင်းတဲ့ အဖွဲ့အစည်းကို ဆန့်ကျင်ဖို့လောက်နဲ့ တိုင်းပြည်ရဲ့ အနာဂတ်ကို ဘင်္ဂါလီတွေဆီ ခွဲဝေပေးဖို့လောက်အထိ စဉ်းစားတာမျိုးတော့ မဖြစ်စေလိုပါဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ်ဝေဖန်ပိုင်းခြားပါ မစာဥရယ်။ မဖြစ်သင့်တာ မဖြစ်အောင်၊ မမှားသင့်တဲ့ အမှားကို မကျူးလွန်မိအောင်၊ ဥပဒေအပြင်ကို မရောက်သွားအောင်၊ တိုင်းပြည်ကို အမှောင်မဖုံးအောင် ခင်ဗျားရော၊ ကျွန်တော်ရော၊ ပြည်သူတွေ အားလုံးရော အသိနဲ့သတိနေဖို့"

"ဟုတ်ပါပြီရှင်။ လက်သုံးချောင်းထောင်ခြင်းရဲ့ နောက်ကွယ်က အရာတွေကိုတော့ ပြည်သူတွေ သတိရှိရှိ၊ အမှန်သိသိနဲ့ ဆင်ခြင်ဖော်ထုတ်ရဦးမှာပေါ့ရှင်"

မစာဥကား နေအိမ်သို့ ပြန်သွားခဲ့လေပြီ။ ကိုသံချောင်းကတော့ ဆက်၍တွေးနေမိဆဲ။ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ။ အဖျက်အမှောင့်ကို ရည်ရွယ်ချက်ရှိရှိ တွန်းပို့ လုပ်ဆောင်နေသူတွေ၊ တိုင်းပြည်ပျက်စီးစေဖို့ ကျိတ်ကြံနေကြသူတွေ ပျောက်ကွယ်ပါစေဟု ဆုတောင်းရင်းသာ...။ ။

# နေပြည်တော်တွင် နိုင်ငံ့ဝန်ထမ်းများ အေးချမ်းပျော်ရွှင်စွာဖြင့် ရုံးတက်လျက်ရှိ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်ပြီး အုပ်ချုပ်ရေး မြို့တော်ဟုလည်း ခေါ်ဆိုရမည်ဖြစ်သော အစိုးရဝန်ကြီးဌာနများ ရုံးစိုက်ရာဒေသ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ အေးချမ်းစွာဖြင့် ရုံးတက်ရောက်ကာ ရုံးလုပ်ငန်း တာဝန်များကို ပုံမှန်ထမ်းဆောင်လျက်ရှိနေကြကြောင်း သိရသည်။

၈.၁၁.၂၀၂၀ ရက်နေ့က ပြုလုပ်ခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ပြုလုပ်ခဲ့မှုများကြောင့် တပ်မတော်က နိုင်ငံတော်၏ အာဏာသုံးရပ်အား ထိန်းခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဟူသောအမည်ဖြင့် အစိုးရဖွဲ့ကာ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေသည်။

### သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်

NLD ပါတီကို ထောက်ခံသူများက ပြည်တွင်း မငြိမ်မသက်ဆူပူမှုများ ဖြစ်စေရန်နှင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားပျက်စီးစေရန် အတွက် သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့ရွာအနှံ့ ဆူပူဆန္ဒပြခြင်းများ၊ ပြည်သူများ သွားလာမှုခက်ခဲစေရန် အများပြည်သူသွားလမ်းများတွင် အတားအဆီးများ ပြုလုပ်ခြင်း၊ အေးချမ်းစွာနေလိုသည့် ပြည်သူများအား အမျိုးမျိုးစွပ်စွဲ၍ သိက္ခာချညှိုးပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများ အပြင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာများအေးချမ်းသာယာရေး တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန်ပြုခြင်း၊ သတ်ဖြတ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများ ရုံးတက်ရောက်ခြင်းမပြုနိုင်စေရန်အတွက် CDM လှုပ်ရှားမှုတွင် ပါဝင်စေရန် စည်းရုံးခြင်း ခြိမ်းခြောက်ခြင်းများလည်း ဆောင်ရွက်ခဲ့သည်။

### ပျော်ရွှင်စွာဖြင့် ပြန်လည်ရုံးတက်

ထိုသို့ ဆောင်ရွက်မှုများကြောင့် အချို့ဝန်ထမ်း လုပ်သက်နုနယ်သူများနှင့် လုပ်သက်ရင့်ဝန်ထမ်းများပင် အခြေအနေအကြောင်း အမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့မှုများရှိခဲ့ကြောင်း သိရသည်။ သို့သော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ စိတ်ရှည်သည်းခံခွင့်လွှတ်ပေးမှု၊ သက်ဆိုင်ရာဌာနများက လုပ်ဖော်ကိုင်ဖက် ရုံးဝန်ထမ်းများ၏ စာနာနားလည်ခွင့်လွှတ်မှုနှင့် နွေးထွေးစွာ ကြိုဆိုမှုများကြောင့် CDM တွင် ပါဝင်ခဲ့သူအချို့သည် အမှန်မြင်၍ အမြင်မှန် ပြန်လည်ရရှိကာ ပျော်ရွှင်စွာဖြင့် ပြန်လည်ရုံးတက်ရောက်ပြီး နိုင်ငံ့တာဝန်များ ထမ်းဆောင်လျက်ရှိနေကြကြောင်းလည်း သိရသည်။

နေပြည်တော် ဇလသိဒ္ဓိရပ်ကွက်နေ ဦးကျော်လှ(အမည်လွှဲ) က "ကျွန်တော့် ဝန်ထမ်းလုပ်သက်က ၅ နှစ်ပါ။ CDM လုပ်ဖို့ ဆွယ်ကြတယ်။ နောက်အလုပ်ပြုတ်ရင် နေစရာတို့၊ လစာတို့ ပေးမယ်ပေါ့၊ ကျွန်တော် မလုပ်ရဲဘူး။ ဘာလို့လဲဆိုတော့ ခုကျွန်တော့်ရဲ့ ဝန်ထမ်းဘဝကို မြတ်နိုးတယ်။ နောက်လွယ်လွယ်နဲ့ ရခဲ့တာလည်း မဟုတ်ဘူး။ အင်တာဗျူး၊ လူတွေ့ စတဲ့အဆင့်တွေကို ကျော်ဖြတ်ခဲ့ရတာ။ ခုနေပြည်တော်မှာက နေစရာ တိုက်ခန်းပေးထားတယ်။ ရုံးတက်ရင် ကြို/ပို့ယာဉ် စီစဉ်ပေးထားတယ်။ တိုက်ခန်းနားမှာ ကျန်းမာရေး အထောက်အကူပြု အားကစားလေ့ကျင့်ရေးပစ္စည်းတွေ လုပ်ထားပေးတယ်။ ကျွန်တော့်ရဲ့ ဝန်ထမ်းလစာ ဝန်ထမ်းအတွက်ရတဲ့ တိုက်ခန်းကို မှီခိုပြီးနေနေရတဲ့ မိသားစုရှိတယ်။ ကျွန်တော့်ဌာနက တချို့ဝန်ထမ်းသူငယ်ချင်းတွေ၊ အခြားဌာနက အချို့ဝန်ထမ်းတွေ CDM လုပ်ကြတယ်။ သူတို့က ဘယ်လိုတွေ ခံယူထားလဲမသိပါဘူး။ ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်းပဲဗျာ ရုံးတက်ရမှာပေါ့၊ အပြုံးမပျက် ရုံးတက်နေပါတယ်" ဟု ပြောသည်။

နေပြည်တော် မင်္ဂလာသိဒ္ဓိရပ်ကွက်နေ ဦးနိုင်သန်း (အမည်လွှဲ) က "ကျွန်တော့် အသက်က ၅၇ နှစ်၊ ဝန်ထမ်းလုပ်သက်က (၃၀) ကျော်၊ CDM လုပ်ဖို့ လာဆွယ်ကြတယ်။ ကျွန်တော့်ရဲ့ ခုအသက်အထိ လုပ်သက်နဲ့ လက်ရှိရာထူးရအောင် ကြိုးစားခဲ့ရတာ။ ပင်စင်ယူပြီး အေးအေးချမ်းချမ်းနေဖို့က နီးပြီ။ ဝန်ထမ်းလုပ်ခဲ့တဲ့ သက်တမ်းတစ်လျှောက် ဘာအထိအခိုက် အစွန်းအထင်းမှ မရှိခဲ့ဘူး။ ပင်စင်ကို အထိမခံနိုင်ဘူးလေ၊ ကျွန်တော့်ကို CDM လုပ်ဖို့ လာဆွယ်တဲ့သူတွေကို ပြောလိုက်တယ်။ ငါ့ရဲ့ ဝန်ထမ်းလုပ်သက်က ခုမင်းတို့ အသက်လောက်ရှိတယ်။ ခုချိန်ထိ ခုလိုဖြစ်အောင် ကြိုးစားခဲ့ရတဲ့ ငါ့ရဲ့ဝန်ထမ်းဘဝ၊ ငါ့မိသားစုဘဝကို အထိအခိုက်မခံနိုင်ဘူး ပြောလိုက်တယ်" ဟုပြောသည်။

နေပြည်တော် ဇလသိဒ္ဓိရပ်ကွက်နေ ဒေါ်ပပ (အမည်လွှဲ) က "ဝန်ထမ်းဆိုကြပေမယ့် စိတ်ဓာတ်နဲ့ခံယူချက်တွေကတော့ မတူနိုင်ကြဘူးလေ။ ဒါကြောင့် CDM လုပ်ရှားမှုမှာ တချို့တွေ ပါသွားတယ်။ တချို့မပါဘူး၊ CDM မပါသူ နိုင်ငံ့ဝန်ထမ်းတွေ ပျော်ပျော်ပါးပါးနဲ့ ရုံးတက်မြဲတက်နေကြသလို CDM ပါသူ တချို့ဝန်ထမ်းတွေ အမြင်မှန်ရပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ ရုံးပြန်တက်နေကြပါပြီ" ဟု ပြောသည်။

နေပြည်တော် ပညာသိဒ္ဓိရပ်ကွက်နေ ဒေါ်ပုလဲ (အမည်လွှဲ) က "ကျွန်မ နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေတာ ၁၀ နှစ်ကျော်ပြီ။ ၈၈ အရေးအခင်းကို မီခဲ့တယ်။ တကယ်သေခဲ့ကြတာ ကျောင်းသားတွေ အပြစ်မဲ့ပြည်သူတွေပဲ၊ ခုလည်း တွေ့နေ၊ ကြားနေ၊ သိနေရတယ်။ ခုဝန်ထမ်းတွေကို ခုတုံး လုပ်နေတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာ ဘယ်အစိုးရတက်တက် တက်လာတဲ့အစိုးရကို တာဝန်ခံရသလို နိုင်ငံအပေါ် သစ္စာစောင့်သိဖို့လည်း လိုပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ နိုင်ငံ့ဝန်ထမ်းစဖြစ်တယ်။ ခုချိန်အထိ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေဆဲပါ။ ကိုယ်က နိုင်ငံ့ဝန်ထမ်းလေ၊ ဝန်ထမ်းအချို့က နားလည်မှုတွေ လွဲနေတယ်လို့ ထင်တယ်။ ကျွန်မတို့ ဝန်ကြီးဌာနမှာလည်း CDM လုပ်သူတွေ ရှိတယ်။ ဒါပေမယ့် ဝန်ထမ်းအများစုကတော့ အပြုံးပန်း ပန်လျက် ရုံးဆက်တက်နေကြလျက်ပါပဲ" ဟု ပြောသည်။

### အပြုံးမပျက် ရုံးတက်

ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် နိုင်ငံတော်၏ အုပ်ချုပ်ရေး မြို့တော်ဖြစ်သည့်အားလျော်စွာ အစိုးရဝန်ကြီးဌာနများအားလုံး ရုံးစိုက်သည့် အရပ်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းအများစုသည် ရုံးဖွင့်ရက်တိုင်း နေ့စဉ် နံနက် ၈ နာရီကျော်မှစကာ ကြို/ပို့ယာဉ်များဖြင့် /အချို့မှာ ဆိုင်ကယ်များဖြင့် သပြေကုန်းအပိုင်းပတ်မှ ရုံးများရှိရာသို့ သွားကြသည့် မြင်ကွင်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင် ယာဉ်ထိန်းရဲ၊ ယာဉ်ထိန်းရဲမေများက ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာစေရေးနှင့် ယာဉ်လမ်းကြောင်း ထိန်းကျောင်းပေးလျက်ရှိသည့် မြင်ကွင်းမှာ အပြုံးမပျက် ရုံးတက်လျက် နိုင်ငံ့တာဝန်ကို ကိုယ်စီထမ်းဆောင်နေခြင်းပင်ဖြစ်သည်။

၁၂၆



# လက်လုပ်သေနတ်များ၊ ဒူးလေးနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

နေပြည်တော် မတ် ၃၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် အတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ မတ် ၃၀ ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ လုံခြုံရေး တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင် လက်နက် ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်း ပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ခုနစ်လက်နှင့် လက်လုပ်သေနတ် ၁၁ လက်တို့ကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြသည်။

အလားတူ မတ် ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်မှ ဒေသခံပြည်သူ တစ်ဦးက ကော်ဒိုင်းကာ ၁၇ ခုနှင့် ရေတိုင်ကီအဖုံး လက်ကိုင် ငါးခုကို ၎င်း၏ သဘောဆန္ဒအလျောက် လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လာရောက် အပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရွှေပြည်သာမြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား မီးရှို့ခဲ့သည့်ဖြစ်စဉ်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

နေပြည်တော် မတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် သန်းဝင်း၊ ရဲမြင့်ကျော်(ခ)ကိုရဲနှင့် စောထွန်းနိုင် (ခ) မဲကြီး တို့သည် မတ် ၂၃ ရက်တွင် အမှတ်(၁၃) ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအတွင်းရှိ စာအုပ်စင် တစ်ခု၊ စားပွဲခုံ တစ်လုံးနှင့် ရုံးစာရွက်စာတမ်းများကို မီးရှို့ခဲ့ခြင်းဖြင့် မီးဖြင့် အကျိုးဖျက်ဆီးမှုကို ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ပြီး မတ် ၃၀ ရက်တွင် ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၄၃၆ အရ အလုပ်နှင့်ထောင်ဒဏ် (၂၀) နှစ် အသီးသီးအမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

### အရေးယူဆောင်ရွက်သွားမည်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများကို မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှု မဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များ အတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေး ချောမွေ့စေရေး လမ်းတံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဘားအံ မတ် ၃၁

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မတ် ၂၉ ရက် နံနက်ပိုင်းက ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ကျေးရွာချင်းဆက်လမ်းတံတားလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော နောင်ကမြိုင်-နောင်လှ-ကော့မန်-ကမေ့ဒေါ-ကော့ဖနံရ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပြည်ထောင်စုရန်ပုံငွေကျပ် ၇၂ ဒသမ ၆၃ သန်းဖြင့် ၁၄ ပေအကျယ် ကွန်ကရစ်လမ်း နှစ်မိုင်ခင်းခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော ကော့ဖနံရ-မင်းဇီ ကျေးရွာချင်းဆက်မြေသားလမ်း ခြောက်ဖာလုံဖောက်လုပ်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးထွန်းဇော်ချစ်နှင့် တာဝန်ရှိသူများက မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည့်နေရာများတွင် ရေထုတ်မြောင်းများထည့်သွင်းဆောင်ရွက်ရန်နှင့် အဆိုပါလမ်းပိုင်းတွင်ပါရှိသော တံတားနှစ်စင်းကို မိုးမကျမီ အပြီးတည်ဆောက်ရန် မှာကြားသည်။

ယင်းနောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၄၂ ဒသမ ၉၇ သန်းဖြင့် ဆောင်ရွက်သော ကော့ကူး-ပေါ့ထော်-နောင်ကမြိုင်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကတ္တရာခင်းခြင်းလုပ်ငန်း နှစ်မိုင် တစ်ဖာလုံအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၂၃၃ ဒသမ ၇၀ သန်းဖြင့် ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော ကော့ကူး-ပေါ့ထော်-နောင်ကမြိုင် လမ်းပေါ်ရှိ အရှည် ပေ ၈၀၊ အကျယ် ပေ ၂၀ သံကူကွန်ကရစ်အမြဲအစား ခံဝိချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က တံတားတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားကြောင်း သိရသည်။

စောမျိုးမင်းသိန်း(မြန်/ဆက်)




အမြိုမြို့အနယ်နယ်

ပျံ့နှံ့သည့် သတင်းစာ

မြန်မာ့အလင်း

သတင်းစာတွင်

ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

(၃၁ - ၃ - ၂၀၂၁)

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာအရောင်းအဝယ်အရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ဒေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - မြူးစန္ဒီဆွေ၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၃၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၃၁။ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ စာတိုက်သေတ္တာအမှတ်-၄၁။ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ ဒီမ် ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၁၃၊ ၀၁- ၅၅၉၁၁၁၊ Fax ၀၁-၅၄၆၂၁၂၊ ၀၆၇-၃၆၁၃၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အထည်ချုပ်စက်ရုံများ ရပ်နားထားသော်လည်း စားသောက်ကုန်စက်ရုံအချို့ လည်ပတ်လျက်ရှိ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်၌ စက်ရုံ ၈၀ ရာခိုင်နှုန်းခန့် ရပ်နားထားခဲ့ရာမှ ဧပြီ ၁ ရက်မှစ၍ အထည်ချုပ်စက်ရုံအချို့ ပြန်လည်လည်ပတ်ရန် အလုပ်သမားအချို့ ပြန်လည်ဝင်ရောက်လျက်ရှိကာ မတ်လနောက်ဆုံးပတ်မှစ၍ စားသောက်ကုန်စက်ရုံအချို့ ပုံမှန်လည်ပတ်လျက်ရှိသည်။

အထည်ချုပ်စက်ရုံအများဆုံး တည်ရှိရာ ရွှေလင်ပန်းစက်မှုဇုန်တွင် စက်ရုံပေါင်း ၃၀၀ ကျော်ရှိပြီး မတ် ၁၅ ရက်မှစ၍ ရပ်နားခဲ့ရာ ၂၅ရက် တွင် စားသောက်ကုန်စက်ရုံ ၅၀ ကျော်နှင့် အထည်ချုပ်စက်ရုံအနည်းငယ် လည်ပတ်လျက်ရှိသည်။ မတ် ၁၆ ရက်မှစ၍ ၁၈ ရက်အထိ စက်ရုံလုပ်သားများနေရပ်သို့ ပြန်ကြသောကြောင့် အထည်ချုပ်စက်ရုံများပြန်လည်ဖွင့်လှစ်ပါက မူလပုံစံအတိုင်း လည်ပတ်ရန် လုပ်သားအခက်အခဲရှိနိုင်ကြောင်း သိရသည်။

"ရွှေပြည်သာစက်မှုဇုန်မှာ လုပ်သား တစ်သိန်းကျော်ရှိတယ်။ အထည်ချုပ်စက်ရုံလည်း အများဆုံးပဲ။ ကိုဗစ်ကာလမှာလည်း အခက်အခဲမရှိ ပြန်ဖွင့်နိုင်ခဲ့တယ်။ ကိုဗစ်နဲ့အတူ အလုပ်ရှင်၊ အလုပ်သမား ရှန်းကန်နိုင်ခဲ့တယ်။ မတ် ၁၆ ရက်ကစပြီး အလုပ်သမားတွေ နေရပ်ပြန်ကြတော့ စက်ရုံတွေ ပိတ်သွားတယ်။ မြန်မာပြည်မှာရှိတဲ့ စက်ရုံအများစုဟာ နိုင်ငံသားပိုင်တွေပါ။ အလုပ်သမားမရှိရင် စက်ရုံလည်ပတ်ဖို့အတွက် ခက်ပါတယ်"ဟု ရွှေလင်ပန်း စက်မှုဇုန်မှ စက်ရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လှိုင်သာယာစက်မှုဇုန်သည် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု အများဆုံး စက်မှုဇုန်ကြီးဖြစ်ပြီး ဒေသအသီးသီးမှ အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းရှာဖွေပေးရာ စက်မှုဇုန်ကြီးဖြစ်သောကြောင့် အလုပ်သမား၊ အလုပ်ရှင်နှင့်နိုင်ငံအတွက် ဝင်ငွေအများဆုံးရရှိရာ စက်မှုဇုန်ကြီးဖြစ်သည်။ လက်ရှိဖွင့်လှစ်နေသော စားသောက်ကုန်စက်ရုံတို့မှာ မူလလုပ်သားဦးရေ၏ ၃၅ ရာခိုင်နှုန်းရှိသော ဒေသခံအလုပ်သမားတို့ဖြင့် လည်ပတ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်း ရပ်တည်ခဲ့သည်မှာ နှစ် ၂၀ကျော်ရှိပြီး လိုအပ်သောကုန်ကြမ်းပစ္စည်းကို ပြည်ပမှ တင်သွင်းနေရသည့်အတွက် ပြည်တွင်းစက်ရုံများ၌ ကုန်ကြမ်းထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ တရုတ်၊ တရုတ် (ထိုင်ပေ)၊ ဟောင်ကောင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့ကဲ့သို့ အထည်ချုပ် လုပ်ငန်းအောင်မြင်သော နိုင်ငံများနည်းတူ အထည်၊ အလိပ်ကုန်ကြမ်းထုတ်လုပ်နိုင်သော စက်ရုံများ တည်ထောင်နိုင်ရန် မြန်မာနိုင်ငံတွင် ကြိုးပမ်းနေစဉ် အထည်ချုပ်စက်ရုံအများဆုံးတည်ရှိရာ ရွှေလင်ပန်း စက်မှုဇုန်အပါအဝင် စက်ရုံများ ကိုဗစ်- ၁၉ ဒုတိယအကျော့နောက်ပိုင်း ဒုတိယအကြိမ်မြောက် ရပ်နားရခြင်း ဖြစ်သည်။

ထိုသို့ အထည်ချုပ်စက်ရုံများ ရပ်နားထားသော်လည်း ခေါက်ဆွဲစက်ရုံ၊ မုန့်စက်ရုံ၊ လူသုံးကုန်စက်ရုံနှင့် စားသောက်ကုန်စက်ရုံတို့မှာ ရရှိသော အလုပ်သမားအင်အားဖြင့် ဆက်လက်လည်ပတ်လျက်ရှိသည်။

ညိမ်းသူ

## မိုးနဲမြို့၌ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံပေး

မိုးနဲ မတ် ၃၁

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများကို ဆက်လက် ထိုးနှံပေးလျက်ရှိရာ ယမန်နေ့က မြို့နယ်ကမ္ဘောဇခန်းမ၌ ထိုးနှံပေးသည်။

ကာကွယ်ဆေး ထိုးပေးရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ သာသနာရေးကျောင်းများနှင့် အဖွဲ့အစည်းများ၊ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများ၊ ဒေသခံပြည်သူများအား မတ် ၁၀ ရက်မှ ၃၀ ရက်အထိ သက်ဆိုင်ရာ စုရပ်တွင် နယ်မြေခံ ဆေးတပ်ရင်းများမှ တပ်မတော် သားဆရာဝန်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးသည်။

ရာနှုန်းပြည့်ထိုးနှံပေးနိုင်ခဲ့

မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့တို့၌ ကာကွယ်ဆေး ထိုးနှံပြီးသူ ယနေ့အထိ စုစုပေါင်း ၁၃၂၆ ဦးကို ပထမအကြိမ်အဖြစ် ရာနှုန်းပြည့် ထိုးနှံပေးနိုင်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်
(ပြန်/ဆက်)



မိုးနဲမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးနေစဉ်။



## ကြို့ပင်ကောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေး

ကြို့ပင်ကောက် မတ် ၃၁

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေးမှုကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်က မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရန်၊ ကိုဗစ်-၁၉ ရောဂါကို ကြိုတင် ကာကွယ်ထားရမည်ဖြစ်၍ ကာကွယ်ဆေးများကို ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ထိုးနှံပေးလျက်ရှိကြောင်း အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကျော်ကိုကိုက ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနိုင်က ဆက်လက်ဆောင်ရွက်မည့် ဒေသတွင်း လုံခြုံရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ တက်ရောက်ကြကြောင်း သိရသည်။

ဇေယျာထွန်း(ပြန်/ဆက်)

## ရသေ့တောင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လက်တူးတွင်းများ တူးဖော်



ရသေ့တောင် မတ် ၃၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မြင်းကန်းချောင်း၊ ကံပြင်၊ ရွှေလောင်းတင်ကျေးရွာများတွင် ကျေးလက် လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်း ခွင့်ပြုငွေကျပ် သိန်း ၄ ဒသမ ၇၅ ဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူတူးဖော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ လက်တူးတွင်း အကျယ် ရှစ်ပေ ၊ အနက် ပေ ၂၀ ကို မြို့နယ်ဦးစီးမှူး ဦးပုချေနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ယမန်နေ့က ကြည့်ရှုစစ်ဆေးကြသည်။

လိုအပ်သည်များမှာကြား

ထိုသို့စစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူး ဦးပုချေက သတ်မှတ် စံချိန်စံညွှန်းများအတိုင်း ပြည့်စုံမှန်ကန်မှုရှိစေရေး ပြောကြားပြီး လိုအပ်သည်များကို မှာကြားကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

## မြို့နယ်များ၌ Grade-7 သင်ရိုးသစ်နှင့် Grade-10 သင်ရိုးသစ် မွမ်းမံသင်တန်း ပို့ချပေးလျက်ရှိ

မောင်တော

ရခိုင်ပြည်နယ် မောင်တောမြို့၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် Grade-7 သင်ရိုးသစ်နှင့် Grade-10 သင်ရိုးသစ် မြို့နယ်အဆင့် မွမ်းမံသင်တန်းကို မတ် ၃၀ ရက်မှ စတင်ကာ အထက(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပို့ချပေးလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးကြာစိန်အောင်ထံမှ သိရသည်။

အဆိုပါ မွမ်းမံသင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းပြ ဆရာ ဆရာမ ၃၆၆ ဦးအား နည်းပြ ၂၃ ဦး တို့က ဘာသာရပ် ၁၀ မျိုးကို ပို့ချပေးလျက်ရှိပြီး Grade-10 သင်ရိုးသစ် မွမ်းမံသင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းပြ ဆရာ ဆရာမ ၈၈ ဦးအား နည်းပြ ၁၂ ဦးတို့က ဘာသာရပ် ၁၀ မျိုးကို စာတွေ့လက်တွေ့ ပြန်လည် ပို့ချပေးလျက်ရှိကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

မြဝတီ

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား Grade-7၊ Grade-10 Face to Face သင်တန်းပို့ချခြင်းကို မတ် ၃၀ ရက်က မြဝတီမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်ကျောင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းကို သင်တန်းဆရာ ဆရာမ နည်းပြ ၁၂ ဦးက Grade-7၊ Grade-10 ပါ သင်ရိုးညွှန်းတမ်းများကို သင်တန်းပို့ချပေးခြင်းဖြစ်ပြီး သင်တန်းကာလမှာ မတ် ၃၀ ရက်မှ ဧပြီ ၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။ ထိုသို့ မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၏ Grade-7၊ Grade-10 Face to Face သင်တန်းပို့ချခြင်းနှင့်ပတ်သက်၍ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦး က ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရ သည်။

မန်းသန်းရွှေမြင့်(ပြန်/ဆက်)

စစ်ကိုင်း

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းပြ ဆရာ ဆရာမများအား Grade 7 နှင့် Grade-10 သင်ကြားရေး မွမ်းမံသင်တန်းဖွင့်ပွဲကို မတ် ၃၀ ရက်က စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ Grade -10 သင်ကြားရေး ဆရာ ဆရာမ ၇၂ ဦး၊ Grade -7 သင်ကြားရေး ဆရာ ဆရာမ ၂၅၃ ဦး တက်ရောက်ပြီး သင်တန်းကာလကို သုံးရက်တာ ပို့ချသင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဇော်မြင့်နိုင်

## ဟားခါး၌ သံဃာတော်များ၊ ဘာသာရေး ခေါင်းဆောင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အသက် ၆၀ နှစ်နှင့်အထက် ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ



ဟားခါးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေစဉ်။

ဟားခါး မတ် ၃၁

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်ပြုလုပ်သည့် သံဃာတော်များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ အသက် ၆၀ နှစ်နှင့်အထက် ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို မတ် ၃၀ ရက်က ဟားခါးမြို့ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ရုံးနှင့် မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးအတွင်းအောက်ဆီဂျင်ပါဝင်မှု ပမာဏတိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

အဆိုပါ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဆောင်ရွက်ပေးခဲ့ပြီး သံဃာတော် ၁၈ ပါး၊ သီလရှင် သုံးပါး၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အသက် ၆၀ နှစ်နှင့် အထက်ရှိသူများအား ထိုးနှံ ပေးခဲ့ကြကာ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တွင် တစ်ပြိုင်နက်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ချင်းပြည်နယ်အတွင်း ပထမအကြိမ် ကာကွယ်ဆေးစုစုပေါင်း ၃၄၄၃ ဦးအား ထိုးနှံ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)

## မိုင်းဆတ်မြို့ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများအား အထူးလျှော့ရက်ခံစားခွင့်ပြုနိုင်ရန် ကြည့်ရှုစစ်ဆေး

မိုင်းဆတ် မတ် ၃၁

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ အထူးလျှော့ရက်များ ခံစားခွင့်ပြုနိုင်ရေးအတွက် ယနေ့နံနက်က ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရွှေထွန်းနှင့် တာဝန်ရှိသူများက ထောင်အတွင်း ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများအား ကြည့်ရှုစစ်ဆေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အကျဉ်းသား အကျဉ်းသူများအား အကျဉ်းဦးစီးဌာန၏ စည်းကမ်းများ လိုက်နာနေထိုင်ကြရန်နှင့် ကျန်းမာရေးအထူးဂရုစိုက် နေထိုင်ကြရန် ပြောကြားပြီး စားဖိုဆောင်နှင့် ဆေးခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် မိုင်းဆတ်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူများအနက် ပြစ်ဒဏ် ၁၄ နှစ်အောက်ရှိ အကျဉ်းသား အကျဉ်းသူ "က"အဆင့် ၁၇၂ ဦး၊ "ခ" အဆင့် ၁၇ ဦးနှင့် "ဂ"အဆင့် ၁၃ ဦးတို့အား အထူးလျှော့ရက် ခံစားခွင့်ပြုခဲ့ကြောင်း သိရသည်။

မြင့်မောင်(ပြန်/ဆက်)

## ညောင်ဦးမြို့နယ် ငါးပိုင့်ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေအခက်ကြုံနေ၍ ရေဂါလန် ၁၆၀၀ လှူဒါန်း



ညောင်ဦး မတ် ၃၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါးပိုင့်ကျေးရွာရှိ ဒေသခံကျေးလက်နေ ပြည်သူများ သောက်သုံးရေ အခက်အခဲကြုံတွေ့နေရကြောင်း သိရ၍ ယမန်နေ့က ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတ ရေလှူအဖွဲ့က ရေသယ်ယာဉ်များဖြင့် သွားရောက်၍ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းသည်။

ညောင်ဦးမြို့နယ် ငါးပိုင့်ကျေးရွာသည် အိမ်ခြေ ၁၆၄ အိမ်၊ လူဦးရေ ၇၀၀ ကျော်ခန့်ရှိပြီး ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်ကြကြောင်းနှင့် ယခုလို ပူအိုက်ရာသီတွင် နှစ်စဉ် သောက်သုံးရေ အခက်ကြုံတွေ့နေရလေ့ရှိကြောင်း သိရသည်။

သောက်သုံးရေ အလှူရှင် နေပြည်တော်မှ ဦးဌေးအောင် - ဒေါ်ခင်သီတာကျော် မိသားစုက လှူဒါန်းသော သောက်သုံးရေဂါလန် ၁၆၀၀ ကို အလှူရှင်ကိုယ်စား ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာနေ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတ ရေလှူအဖွဲ့က ကျေးလက်နေပြည်သူများ ပူအိုက်ရာသီကာလ သောက်သုံးရေ ဖူလုံစေရေးအတွက် အိမ်ခြေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အနေဖြင့် သောက်သုံးရေအခက်အခဲကြုံတွေ့ပါက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဦးဝင်းမင်းထွန်း ဖုန်း - ၀၉၄၂၀၃၈၀၇၇၀ သို့ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ကြောင်းနှင့် ရပ်ဝေးရပ်နီးမှ စေတနာရှင်ပြည်သူများကလည်း သောက်သုံးရေကုသိုလ်ပြု လှူဒါန်းလိုပါက အထက်ပါ ဖုန်းနံပါတ်ကို ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# ရန်ကုန်မြို့သစ်စီမံကိန်းဖော်ဆောင်ရေး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး



ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးလှစိုး ဦးဆောင်၍ မတ် ၂၉ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့သစ်စီမံကိန်း ဖော်ဆောင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဌာနမှူး ဦးသစ္စာ၊ ရန်ကုန်တောင်ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်းအောင်တို့က ရန်ကုန်မြို့သစ် စီမံကိန်း တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ဌာနအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ရန်ကုန်အနောက်တောင်မြို့သစ် စီမံကိန်းသည် စီမံကိန်းပမာဏ ကြီးမားကျယ်ပြန့်သော လုပ်ငန်းဖြစ်သောကြောင့် တိုင်းဒေသကြီးအဆင့်မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ထားကြောင်း၊ မိမိတို့အနေဖြင့် အနည်းငယ်ကျန်ရှိနေသော မြေယာလွှဲပြောင်းမှုကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်ထားရန် လိုအပ်ကြောင်းနှင့် ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် များစွာအထောက်အကူဖြစ်စေသည့် စီမံကိန်းကြီးဖြစ်၍ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

### မြို့တိုးချဲ့တည်ဆောက်ပေးရန်လိုအပ်

ရန်ကုန်မြို့သစ် စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေနှင့် လူမှုစီးပွားအခြေအနေများ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှုကြောင့် မြို့တိုးချဲ့တည်ဆောက်ပေးရန် လိုအပ်လာသည့်အတွက် ရန်ကုန်မြို့၏ အနောက်တောင်ဘက် ဒေသဖြစ်သော ပန်းလှိုင်မြစ်နှင့် တွံတေးတူးမြောင်းအကြား၊ လှိုင်မြစ်နှင့် လှိုင်သာယာ - တွံတေး ကားလမ်းအကြား တွံတေးမြို့နယ်မှ မြေဧရိယာ ၁၈၅၂၇ ဧက၊ ဆိပ်ကြီးခနောင်တိုမြို့နယ်မှ ၄၉၇ ဒသမ ၉၄ ဧက၊ ကြည့်မြင်တိုင်မြို့နယ်မှ ၁၆၉၅ ဧက စုစုပေါင်း ၂၀၇၁၉ ဒသမ ၉၄ ဧကကို လုပ်ထုံးလုပ်နည်းနှင့်အညီ မြို့မြေအဖြစ် သတ်မှတ်ပြီး မြို့သစ်စီမံကိန်း ဖော်ဆောင်ရန် ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ရန် လျာထားဆောင်ရွက်နေသည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လှိုင်သာယာအရှေ့ပိုင်းမြို့နယ် ကျူစုကျေးရွာအနီးရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဌာန အမည်ပေါက်မြေဧရိယာ ၂၃၈ ဧက၊ လှိုင်သာယာ အနောက်ပိုင်းမြို့နယ် ကမ်းပြိုကျေးရွာအနီးရှိ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်မည့် မြေဧရိယာ ၁၃၁ ဧကနှင့် ပန်းလှိုင်မြစ်တိမ်ကောနေပြီး ရေစီးဆင်းမှု မရှိသည့် အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ ဆန်းကျော်ဦး(မြန်/ဆက်)

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

နေပြည်တော် မတ် ၃၁

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို တိုင်းရင်းသားဘာသာအလိုက် ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ (၁) ရက်မှစပြီး ၂၀၂၁ ခုနှစ်၊ မတ်(၃၁)ရက်အထိ နေ့စဉ် နံနက်(၆) နာရီမှစ၍ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဇိုး)၊ ချင်း (ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ အစီအစဉ်များကို ည (၁၁) နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၁ ခုနှစ်၊ ဧပြီ (၁) ရက် မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင် (၃၁) ရက်အထိ နေ့စဉ် နံနက် (၆) နာရီမှ (၈) နာရီအထိ ကချင်ဘာသာ အစီအစဉ်၊ နံနက် (၈) နာရီ မှ (၁၀) နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် (၁၀) နာရီမှ နံနက် (၁၁) နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် (၁၁) နာရီမှ မွန်းတည့် (၁၂) နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းတည့် (၁၂) မှ မွန်းလွဲ (၁) နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ မွန်းလွဲ (၁) နာရီမှ (၂) နာရီအထိ ချင်း (လိုင်ဇိုး) ဘာသာ အစီအစဉ်၊ မွန်းလွဲ (၂) နာရီမှ (၃) နာရီအထိ ချင်း (ချိုး) ဘာသာ အစီအစဉ်၊ မွန်းလွဲ (၃) နာရီမှ ညနေ (၅) နာရီအထိ မွန်ဘာသာ အစီအစဉ်၊ ညနေ (၅) နာရီမှ ည (၇) နာရီအထိ ရခိုင်ဘာသာ အစီအစဉ်၊ ည (၇) နာရီမှ (၉) နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ ည (၉) နာရီ မှ (၁၁) နာရီအထိ 'ဝ' ဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

(၁.၄.၂၀၂၁) မှ (၃၁.၇.၂၀၂၁)ထိ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်ချိန်စာရင်း

| စဉ် | ဘာသာ | ထုတ်လွှင့်ချိန် |
|---|---|---|
| ၁။ | ကချင် | ၀၆:၀၀ - ၀၈:၀၀ နာရီ |
| ၂။ | ကယား | ၀၈:၀၀ - ၁၀:၀၀ နာရီ |
| ၃။ | စကောကရင် | ၁၀:၀၀ - ၁၁:၀၀ နာရီ |
| ၄။ | အနောက်ပိုးကရင် | ၁၁:၀၀ - ၁၂:၀၀ နာရီ |
| ၅။ | အရှေ့ပိုးကရင် | ၁၂:၀၀ - ၁၃:၀၀ နာရီ |
| ၆။ | ချင်း (လိုင်ဇိုး) | ၁၃:၀၀ - ၁၄:၀၀ နာရီ |
| ၇။ | ချင်း (ချိုး) | ၁၄:၀၀ - ၁၅:၀၀ နာရီ |
| ၈။ | မွန် | ၁၅:၀၀ -၁၇:၀၀ နာရီ |
| ၉။ | ရခိုင် | ၁၇:၀၀ - ၁၉:၀၀ နာရီ |
| ၁၀။ | ရှမ်း | ၁၉:၀၀ - ၂၁:၀၀ နာရီ |
| ၁၁။ | " ဝ " | ၂၁:၀၀ - ၂၃:၀၀ နာရီ |

- တိုင်းရင်းသားအစီအစဉ် (၁၁)ဘာသာအား နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၂၃:၀၀) နာရီထိ ထုတ်လွှင့်ချိန် (၁၇:၀၀) နာရီ ထုတ်လွှင့်လျက်ရှိပါသည်။
- (၄) လတစ်ကြိမ် နာရီလက်တံအတိုင်း အချိန်ပြောင်းလဲထုတ်လွှင့်လျက်ရှိရာ ယခုပြောင်းလဲခြင်းမှာ (၂) ကြိမ်မြောက် ဖြစ်ပါသည်။

# တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဖလား မြို့နယ်ပေါင်းစုံလက်ဝှေ့ပြိုင်ပွဲနှင့် လက်ရည်စစ် ပြိုင်ပွဲများ ထားဝယ်မြို့၌ကျင်းပ




ထားဝယ် မတ် ၃၁

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဖလား မြို့နယ် ပေါင်းစုံလက်ဝှေ့ပြိုင်ပွဲနှင့် လက်ရည်စစ်ပြိုင်ပွဲများကို ယမန်နေ့က ထားဝယ်မြို့ ရွှေယဉ်သီရိ အားကစားခန်းမ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကျင်းပသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးလက်ဝှေ့အသင်းမှာ လေးနှစ်ဆက်တိုက် တံခွန်စိုက်ဒိုင်းဆုကို ရရှိခဲ့ပြီး တံခွန်စိုက်ဒိုင်းဆု ငါးနှစ်ဆက်တိုက် ဆွတ်ခူးရရှိနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း မွေးမြူလေ့ကျင့်နေသော လက်ဝှေ့သမားများအား ပြိုင်ပွဲနှင့် ထိတွေ့၍ ယှဉ်ပြိုင်အောင်နိုင်ရေး၊ မျိုးဆက်သစ်လက်ဝှေ့ အားကစားသမားများ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမိုးနိုင်ထံမှ သိရသည်။

ထို့နောက် မြို့နယ်ပေါင်းစုံမှ အားကစားမောင်မယ်များ လက်ဝှေ့ပြိုင်ပွဲနှင့် လက်ရည်စစ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာရှင်များက ကြည့်ရှုအားပေးသည်။

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဖလား မြို့နယ်ပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲနှင့် လက်ရည်စစ်ပြိုင်ပွဲများတွင် အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲ၌ ၄၂ ကီလိုတန်း လေးဦး၊ ၄၅ ကီလိုတန်း ရှစ်ဦး၊ ၄၈ ကီလိုတန်း ကိုးဦး၊ ၅၁ ကီလိုတန်း ငါးဦး၊ ၅၄ ကီလိုတန်း သုံးဦး၊ ၆၀ကီလိုတန်း ငါးဦးနှင့် လက်ရည်စစ်ပြိုင်ပွဲတွင် အမျိုးသမီး ရှစ်ဦး၊ အမျိုးသား နှစ်ဦး ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရပြီး ပြိုင်ပွဲကို ဧပြီ ၂ ရက်အထိ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး
(မြန်/ဆက်)

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအတွင်း အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်းရှင်များတွေ့ဆုံ

ပဲခူး မတ် ၃၁

ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယမန်နေ့က ပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီးအတွင်း အကျိုးတူ ပူးပေါင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲသို့ တက်ရောက်သည်။



တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းကို ခေတ်မီနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် ဝန်ထမ်းများ၊ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ (Public,Private, Partnership) တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှသာလျှင် အချိန်တိုအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်ရာတွင် အကျိုးတူ ပူးပေါင်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ သမားရိုးကျ စိုက်ပျိုးထုတ်လုပ်မှုမှ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်သော ပုဂ္ဂလိကလယ်ယာလုပ်ငန်းကြီးများ ပေါ်ပေါက်လာစေရန်နှင့် အရည်အသွေးပြည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် လိုအပ်သော ပံ့ပိုးမှုများလည်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် စပါးပေါ်ချိန်တွင် ကုမ္ပဏီများက သတ်မှတ်နှုန်းထားများအတိုင်း ဝယ်ယူကြရန်နှင့် ခိုင်မာသည့် စပါးဈေးကွက်တစ်ခု ဖြစ်လာစေရန်အတွက် ကြိုးစားဆောင်ရွက်ပေးမည်ဖြစ်ပြီး အခက်အခဲများရှိပါက ပွင့်လင်းစွာ တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်(၃) ဦးတင်သိန်းက အကျိုးတူ ပူးပေါင်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်၍ ကုမ္ပဏီနှင့် တောင်သူတို့၏ နှစ်ဦးနှစ်ဖက် လိုက်နာရမည့် စည်းကမ်းချက်များကို လည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက တိုင်းဒေသကြီးအတွင်း ဘဏ္ဍာနှစ်အလိုက် အကျိုးတူ ပူးပေါင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေသည့် မြို့နယ်အလိုက် အခြေအနေကို လည်းကောင်း၊ တက်ရောက်လာသည့် အကျိုးတူ ပူးပေါင်းလယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကုမ္ပဏီများက ဒေသအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း တင်ပြဆွေးနွေးရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ကောင်စီဝင် (၃) ဦးတင်သိန်း၊ အတွင်းရေးမှူး ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အကျိုးတူ ပူးပေါင်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများ တက်ရောက်ကြောင်း သိရသည်။

တင်စိုး( ပဲခူး)

# ဘွဲ့လွန်သင်တန်းဝင်ခွင့်များ လျှောက်ထားနိုင်

နေပြည်တော် မတ် ၃၁

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့်ဆေးပညာနှီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန် ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီ ၁ ရက်မှ ဧပြီ ၃၀ ရက်အထိ လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ပီးစားပေးအစီအစဉ် ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထား နိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (တယ်လီဖုန်းအမှတ် - ၀၆၇- ၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆-လိုင်းခွဲ/၈၃၂) သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ဝန်းသိုမြို့နယ် ခပ်ချိုကျေးရွာတွင် စက်ရေတွင်း၊ ရေကန်နှင့်ရေစက်ရုံများ တည်ဆောက်လျက်ရှိ

ဝန်းသို မတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရေးနှင့် ပူပြင်းခြောက်သွေ့သော နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရေး လေးလက်မစက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ ခပ်ချိုကျေးရွာတွင် စက်ရေတွင်း တူးဖော်အောင်မြင်ပြီး၍ ရေကန်နှင့် ရေစက်ရုံများ တည်ဆောက်လျက်ရှိသည်။

အဆိုပါ ဆက်စပ်လုပ်ငန်းများဖြစ်သည့် အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံ တစ်ခုနှင့် အလျား ၁၂ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ငါးပေရှိ ဂါလန် ၂၀၀၀ဆံ့ ရေလှောင်ကန်တစ်ခုတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်မီးပြတ်တောက်ချိန်တွင် အသုံးပြုရန် မီးစက်နှင့် ဒိုင်နမိုတပ်ဆင်ပေးခြင်းလုပ်ငန်းများ ဝယ်ယူတပ်ဆင်ပေးပြီးဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးချက်အရ သိရသည်။

ခပ်ချိုကျေးရွာတွင် လေးလက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် တင်ဒါအောင်ကုမ္ပဏီက ခွင့်ပြုရန်ပုံငွေကျပ်၁၂၁သိမ ၇၅သိန်းဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရပြီး လုပ်ငန်းအားလုံးဆောင်ရွက်ပြီးပါက အိမ်ခြေ ၈၈ အိမ်၊ လူဦးရေ ၄၃၀ ကျော်အတွက် သောက်သုံးရေ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

မွေးကြူဖင်



# ဗန်းမောက်မြို့၌ မြို့နယ်ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်ဆောင်တည်ဆောက်ပြီးစီး၍ မကြာမီဖွင့်လှစ်နိုင်တော့မည်

ဗန်းမောက် မတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ တိုးချဲ့နှစ်ထပ်ဆောင်ကို တည်ဆောက်ခဲ့ရာ ယခုအခါတည်ဆောက်ပြီးစီးပြီဖြစ်၍ မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

အဆိုပါ တိုးချဲ့နှစ်ထပ်ဆောင်ကို ၂၀၁၉ ခုနှစ် မေ ၂၁ ရက်တွင် ပန္နက်ချခဲ့ပြီး မေ ၂၇ ရက်မှစတင်ကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၄၄၁ ဒသမ ၁ သန်းဖြင့် တည်ဆောက်ခဲ့သော အကျယ်အဝန်းစတုရန်းပေ ၁၆၈၀၀ ရှိ ခွဲစိတ်ခန်းနှစ်ခန်းနှင့် မွေးဖွားခန်းပါ ခုတင် ၅၀ ဆံ့ တိုးချဲ့နှစ်ထပ်ဆောင် ဆေးရုံကြီးဖြစ်သည်။

ယခုလက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံမှာ ခုတင် ၂၅ ခုတင်သာဆံ့သည့်ဆေးရုံဖြစ်ပြီး ဆေးကုသလူနာများ များပြားလာပါက ခုတင်များ မဆံ့သောကြောင့် လူနာများမှာ ဆေးရုံဝရန်တာများတွင် ခုတင်များချပြီး နေထိုင်ရခြင်းနှင့် လူနာစောင့်များမှာ သစ်ပင်တောလင်းများတွင် ဖျာများခင်း၍ ဆေးကုသလူနာများအား ပြုစုစောင့်ရှောက်နေထိုင်ခဲ့ရသော အခက်အခဲများစွာရှိခဲ့ကြောင်း သိရသည်။

ယခုအခါတွင် ခုတင် ၅၀ ဆံ့ ခွဲစိတ်ခန်းနှင့် မွေးဖွားခန်းပါ မြို့နယ်ပြည်သူ့ဆေးရုံတိုးချဲ့နှစ်ထပ်ဆောင်ကြီး တည်ဆောက်ပြီးစီးပြီဖြစ်၍ ဖွင့်လှစ်ပြီးပါက မြို့နယ်ပြည်သူ့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်း ဆရာ/ဆရာမများက ဗန်းမောက်မြို့ပြည်သူများနှင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၀၊ ကျေးရွာပေါင်း ၂၂၀ မှ ဒေသခံပြည်သူ တစ်သိန်းကျော်တို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်တော့မည်ဖြစ်သည်။



ဗန်းမောက်မြို့ မြို့နယ်ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်ဆောင်။

လှိုင်ဘွား(ဗန်းမောက်)

## ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# ပင်လယ်ပြင်ကမ်းနီးရေတိမ်ငါးဖမ်းဆီးရရှိမှု အထိအမိနည်းလာ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပင်လယ်ပြင်နှင့် ထိစပ်နေသော ရေလုပ်ငန်းလုပ်ကိုင်သည့်ကျေးရွာများ ကမ်းနီး ရေတိမ်ပင်လယ်ပြင်ငါး၊ ပုစွန် ဖမ်းဆီးရာ၌ ယခုမတ်လဆန်းပိုင်းမှစ၍ ဖမ်းဆီးရရှိမှု အထိအမိ နည်းလာကြောင်း သိရသည်။

ပင်လယ်ပြင်ကိုအမှီပြု၍ ရေလုပ်ငန်းလုပ်ကိုင်ကြသည့် ရေလုပ်သားများအနေဖြင့် တပေါင်း၊ တန်ခူးယမန်နှစ် ယခုလိုအချိန်၌ ကမ်းနီးရေတိမ်ငါးဖမ်းဆီးမှုအထိအမိရှိသောကြောင့် မိသားစုစီးပွားရေးအဆင်ပြေခဲ့ကြပြီး ယခုနှစ် မတ်လတွင် ငါးအမျိုးအစားအနည်းငယ်သာဖမ်းဆီးရမိသည့်အပြင် ရရှိသောအကောင်အရေမှာလည်း ကျဆင်းလာခြင်းဖြစ်သည်။

"ရာသီဥတုကြောင့် ငါးရရှိမှုနည်းသွားတာလည်း မဟုတ်ဘူး။ ဘယ်လိုကြောင့် အရနည်းသွားတာလဲ မပြောနိုင်ဘူးဖြစ်နေတယ်။ ရတော့လည်း ငါးသလောက်နည်းနည်းနဲ့ အခြားငါးနည်းနည်းပဲရကြတာ။ အချို့ ငါးတွေဆိုမရတော့ဘူး။ ပင်လယ်ပြင်ထွက်ပြီး မကြာတာများလာတယ်။ မနှစ်ကထက် ငါးအထိအမိ တစ်ဝက်ကျော် လျော့ကျသွားတယ်။ ဒီနှစ် ငါးအရနည်းပြီးဈေးလည်းမရတော့ အခက်အခဲရှိကြတာပေါ့။ ဒီလတော်တော်ခက်ခဲတယ်"ဟု ဆယ်အိမ်တန်းကျေးရွာမှ ရေလုပ်သားဦးမိုးညိုကပြောသည်။

**ကမ်းနီးရေတိမ်ငါးလုပ်ငန်း**

ရန်ကုန်တိုင်းဒေသကြီးတွင်ကမ်းနီးရေတိမ် တစ်ပိုင်တစ်နိုင်ရေလုပ်ငန်းလုပ်ကိုင်မှုအများဆုံးဖြစ်သော လက်ခုပ်ကုန်း၊ ဆယ်အိမ်တန်း၊ ရွာတန်းရှည်၊ အလယ်ရွာ၊ ဝက်ကိုက်၊ တိုးဆားကျင်း၊ ကံပိုင်း၊ ကံရက်ရှည် ၊ သောင်ခုံ စသောရွာများ ယမန်နှစ်က ရေတက်ချိန်တစ်ကြိမ်လျှင် ငါးပုတ်သင်ကျပ်၅သိန်းမှ ၁၀သိန်းဖိုးထိ ဖမ်းဆီးရမိခဲ့ပြီး ယခုအခါ ငါးပုတ်သင်ရှားပါးလာပြီး ငါးသလောက်လည်း အနည်းငယ်မျှသာ ရရှိသောကြောင့် ကမ်းနီးရေတိမ်ငါးလုပ်ငန်းများမှာ အခက်အခဲရှိလာခြင်းဖြစ်သည်။

**ပုံမှန်စီးဆင်းမှုမရှိ၍အခက်အခဲကြုံ**

ရေလုပ်ငန်းလုပ်ကိုင်သော ကျေးလက်ငါးအဝယ်ဒိုင်တို့တွင် ငါးသလောက် ၃၀ ကျပ်သား အောက်(ဘောလည်) တစ်ပိဿာလျှင် ကျပ်၄၅၀၀၊ တစ်ပိဿာအထက်ကျပ်၁၂၀၀၀၊ ငါးပုတ်သင် တစ်ပိဿာ ၂၈၀၀ ကျပ်နှင့် ငါးပုလွေ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြင့် ဈေးကျလျက်ရှိပြီး ကွမ်းခြံကုန်းအနီး ကမ်းနီးရေတိမ်ပိုင်း၌ ဈေးကွက်ဝင် ငါးပုတ်သင်၊ ငါးသလောက်၊ ငါးပုလွေတို့ကို ၁၅ ရက်တွင် လေးရက်သာ အနည်းငယ် ဖမ်းဆီးရမိလျက် ငါးကြီးများရှားပါးလာမှုကို ယခုလတွင် ပိုမိုတွေ့ကြုံလာရကြောင်း၊ ကျေးရွာတို့ရှိငါးဒိုင်များက ကြည့်မြင်တိုင်ငါးဈေးနှင့် ရှေ့ပိတောက်ငါးဈေးသို့ ရေထွက်ပစ္စည်းများတင်ပို့ရာ၌ တစ်ဝက်ငွေချေ၊ တစ်ဝက်အကြွေးစနစ်ဖြင့်တင်ပို့ရပြီး အချို့မှာအကြွေးစနစ်ဖြင့်တင်ပို့ရလျက် ကျေးရွာငါးဒိုင်တို့မှာ ရေလုပ်သားများကို လက်ငင်းငွေချေရသဖြင့် ကျေးရွာတို့ရှိ ငါးဒိုင်များမှာ ပုံမှန် ငွေကြေးစီးဆင်းမှုမရှိသော အခက်အခဲ ကြုံတွေ့ရသည်မှာ ဖေဖော်ဝါရီ ၉ ရက်ကတည်းကဖြစ်ကြောင်း သိရသည်။

**အထိအမိနည်းလာ**

လက်ခုပ်ကုန်းကျေးရွာထက် ရေလုပ်ငန်း လုပ်ကိုင်မှုများသော ဆယ်အိမ်တန်းကျေးရွာတွင် အိမ်ထောင်စု၃၀၀ ရှိပြီး လူဦးရေ ၁၃၀၀ ကျော်၌ ငါးဖမ်းလှေပိုင်ဆိုင်သူ အိမ်ထောင်စု ၁၁၀ ရှိရာ ထိုငါးဖမ်းလှေတွင် အကူလုပ်သား လုပ်ကိုင်သူအိမ်ထောင်စု ၁၀၀ ကျော်ရှိ၍ ရေလုပ်ငန်းဖြင့်အသက်မွေးသူ အိမ်ထောင်စု ၂၀၀ ကျော်မှာ ပင်လယ်ပြင်ကို အမှီပြုလျက်ရှိသည်။ ထိုရွာတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးသာရှိပြီး ရေလုပ်ငန်းသည် ထိုရွာအတွက် အဓိကစီးပွားရေးလုပ်ငန်း ဖြစ်သည့်အပြင် ရန်ကုန်ဈေးကွက်သို့ ပင်လယ်ငါးအများဆုံး ဖမ်းဆီးတင်ပို့သော ကျေးရွာဖြစ်၍ အခြားသောရွာများမှာလည်း ငါးရရှိမှု လျော့နည်းလာလျက်ရှိရာ မတ်လထဲ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပင်လယ်ပြင်ကမ်းနီး ရေတိမ်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သော ကျေးရွာများ ရေထွက်ကုန်ရရှိမှု အထိအမိနည်းလာကြောင်း သိရသည်။

သတင်း - ညီမ်းသူ၊
ဓာတ်ပုံ - ကနူး



ကမ်းနီးရေတိမ် ငါးဖမ်းဆီးရေးလုပ်ငန်း လုပ်ကိုင်နေစဉ်

## မြစ်သားမြို့နယ်၌ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

မြစ်သား မတ် ၃၁

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် မြို့နယ်များမှ ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများကို မြစ်သားမြို့ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ မတ် ၃၀ ရက်က စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့တို့မှ ဝန်ထမ်းများ ပူးပေါင်း၍ ထိုးပေးနေခြင်းဖြစ်ပြီး ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများအား ကာကွယ်ဆေးထိုးနှံပေးမှု အခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မြစ်သားမြို့နယ်တွင် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဌာနအလိုက် နေ့ရက်နှင့် အချိန်များ ခွဲခြားသတ်မှတ်၍ နေ့စဉ် နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီအထိ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ပူးပေါင်း၍ ဇမ္ဗူသီရိမြို့နယ်၌ မြန်မာ့သိုင်း အခြေခံသင်တန်း ဖွင့်လှစ်

ဇမ္ဗူသီရိ မတ် ၃၁

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာ့သိုင်း အခြေခံသင်တန်း ဖွင့်ပွဲကို မတ် ၃၁ ရက် နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် ဥဩသိဒ္ဓိရပ်ကွက်အတွင်းရှိ ဗုဒ္ဓရတနာ ပရဟိတကျောင်း၌ ကျင်းပခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုတစ်ခုဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး လမ်းညွှန်ချက်နှင့်အညီ မိမိတို့နိုင်ငံ၏ အမျိုးသားအားကစားနည်းများအနက်မှ မြန်မာ့သိုင်းအားကစားနည်းကို မြှင့်တင်ဆောင်ရွက်သွားရန်နှင့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် သိုင်းအားကစားသမားများ ပေါ်ထွက်လာနိုင်စေရေး ရည်ရွယ်လျက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသားသင်တန်းသူများအနေဖြင့်လည်း နည်းပြဆရာများ၏ သင်ကြားပေးမှုကို စိတ်ပါဝင်စားစွာ သင်ကြားလေ့ကျင့်သွားကြရန်လိုကြောင်း၊ အချိန်ကို အကျိုးရှိစွာဖြင့် အသုံးချရင်း၊ သုတ ရသများကို လေ့လာဆည်းပူးရင်းဖြင့် နိုင်ငံအတွက် အားကိုးအားထားပြုရမည့် ထူးချွန် ထက်မြက်သော လူကောင်းလူတော် အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်း တိုက်တွန်း အမှာစကားပြောကြားသည်။

ထို့နောက် ဗုဒ္ဓရတနာ ပရဟိတကျောင်းမှ သင်တန်းသား သင်တန်းသူများအား နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးက အားကစား အထောက်အကူပြုပစ္စည်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးပြည့်ဖြိုးအောင်က ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများနှင့် စေတနာရှင်တစ်ဦးက သင်တန်းအတွက် အလှူငွေ ကျပ်ငါးသောင်းတို့ကို ပေးအပ်ပြီးနောက် အဝါရောင်မျိုးဆက်သစ် ပရဟိတအဖွဲ့(YGW)မှ အဖွဲ့ဝင်များနှင့် Sport သိုင်းအဖွဲ့မှ အဖွဲ့ဝင်များက မြန်မာ့သိုင်း အခြေခံများကို ဗုဒ္ဓရတနာ ပရဟိတကျောင်းမှ သင်တန်းသား သင်တန်းသူများအား လက်တွေ့ သရုပ်ပြကစားပြခဲ့ကြသည်။

အဆိုပါ မြန်မာ့သိုင်း အခြေခံသင်တန်းကို မတ် ၃၁ ရက်မှ ဧပြီ ၉ ရက်အထိ သင်တန်းကာလ ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ဇမ္ဗူသီရိမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

နေပြည်တော် မတ် ၃၁

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၀၇၁၁၉ ဦး၊ အတွင်းလူနာ ၄၁၉၉ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၄၉၇၀၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၆၂၈ ဦး၊ စုစုပေါင်း ၇၅၉၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။(ယာပုံ) ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၆၃၄ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၁၁၂ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၆၇၄၆ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ရဲစခန်းတစ်ခုမှ ရဲအရာရှိတစ်ဦးအား မီးရှို့သတ်ဖြတ်မှုမှ ကျူးလွန်သူ ထပ်မံဖော်ထုတ်ရရှိ



နေပြည်တော် မတ် ၃၁

မဟာအောင်မြေမြို့နယ်ရှိ ရဲစခန်းတစ်ခုမှ ရဲအရာရှိ တစ်ဦးသည် မတ် ၂၉ ရက်တွင် အကျဉ်းဦးစီးဌာနသို့ စာရွက်စာတမ်းများပို့ဆောင်ရန် (အရပ်ဝတ်)ဖြင့် ဆိုင်ကယ်စီးနင်းကာ ကမ်းနားလမ်းအတိုင်း သွားရောက်ခဲ့စဉ် ဆူပူအကြမ်းဖက်အဖွဲ့ အင်အား ၂၀၀ ခန့်က ဖမ်းဆီးကာ မီးရှို့သတ်ဖြတ်ခဲ့ကြောင်းနှင့် သတ်ဖြတ်မှု ကျူးလွန်သူများကို အကြမ်းဖျင်းဖော်ထုတ်ရရှိချက်အား သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားချိန်မှစတင်ကာ နယ်မြေရှင်းလင်းခြင်း၊ ပြစ်မှုတွင် ပါဝင်သူများကို စိစစ်ဖော်ထုတ်ခြင်းများ ဆောင်ရွက်စဉ် လူသတ်မှုတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့သူ ငြိမ်းမင်းသူ(ခ) ကျော်မဲ (၁၁)ဦးမြင့်စိုး၊ သရက်တစ်ပင်ကျေးရွာ ပုသိမ်ကြီးမြို့နယ်နေသူကို မတ် ၃၁ ရက်တွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ (ဓါတ်ပုံ)

၎င်းတရားခံဖြစ်သူကို စစ်ဆေးဖော်ထုတ်ချက်အရ သေဆုံးသူ ရဲအရာရှိအား ၎င်းကိုယ်တိုင် ဓားဖြင့် တစ်ချက်ခုတ်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည့်အပြင် ဝိုင်းဝန်းသတ်ဖြတ်ရာတွင် ပါဝင်သူများအနေဖြင့် သရက်တစ်ပင်မြောက်ပိုင်းနေ အာကြီး(၃၅)နှစ်၊ ရန်ရှင်း(၂၅)နှစ်၊ စည်သူအောင်(၃၀)နှစ်၊ မင်းတဲ အီကင်းနေ ပွကြီး(၄၅)နှစ်၊ (ပွကြီး၏ညီဖြစ်သူ) သန်းထွန်းဦး(၄၀)နှစ်၊ သရက်တစ်ပင်အုပ်စု၊ ရဲထွဋ်ရွာနေ ခွေးကြီး(ခ)ငစိုင်း(၂၅) နှစ်၊ သရက်တစ်ပင်တောင်ပိုင်းနေ ငရဲ(ခ)ရဲဇော်(၂၂)နှစ်နှင့် ဗေလုဝ(ခ) ဗေကြီး(၁၉)နှစ်တို့ ၈ ဦးအပါအဝင် အခြားအမည်မသိသူ လူတစ်စုမှ ဝိုင်းဝန်းသတ်ဖြတ်ခဲ့ကြောင်း ထပ်မံသတင်းဖော်ထုတ်ရရှိခဲ့သည်။

ရဲအရာရှိအား ရက်စက်ယုတ်မာစွာ သတ်ဖြတ်ခဲ့သူများကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

# မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် လုံခြုံရေးတာဝန်ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား အကြမ်းဖက်သူလူအုပ်စု၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၃၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါဒေသတွင် ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် ငြိမ်းချမ်းစွာ နေထိုင်သွားလာလိုသော ပြည်သူလူထုများ အနှောင့်အယှက်ဖြစ်စေရန်နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအား တားဆီးနှောင့်ယှက်ရန် ရည်ရွယ်ချက်များဖြင့် တစ်မြို့နှင့်တစ်မြို့ သွားလာမှုများ၊ တစ်ရွာနှင့်တစ်ရွာ သွားလာမှုများ၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်နှင့် ဆက်စပ်သွားလာနေသော လမ်းမကြီးများကို အတားအဆီးမျိုးစုံအသုံးပြု၍ အခိုင်အမာပိတ်ဆို့ထားခြင်းများ ပြုလုပ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နှောင့်ယှက်ဟန့်တားခြင်းများကို ပြင်းပြင်းထန်ထန်ပြန်ပြုမှု ဆောင်ရွက်လာကြသည်ကို တွေ့ရှိရသည်။

ယနေ့နံနက် ၁ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ဂန့်ဂေါ-ကလေးသွားလမ်း မိုင်တိုင်အမှတ် (၅၂/၃)ရှိ ကမ်းပါးနီတံတားအား ဆူပူအကြမ်းဖက်သူများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ထိုသို့ ဖောက်ခွဲပျက်စီးသွားသည့် ကမ်းပါးနီတံတားသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ တံတားထိပ်တစ်ဖက်ကမ်းမှ အကြမ်းဖက်သူအင်အား ၁၀၀ ခန့်က တူမီးသေနတ်များ၊ လက်လုပ်သေနတ်များ၊ လက်လုပ်မိုင်းများဖြင့် ပစ်ခတ်ရန်ပြုတိုက်ခိုက်လာခဲ့သဖြင့် လူစုလူဝေးဖြိုခွဲခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ရာ နံနက် ၁ နာရီ မိနစ် ၅၀ ခန့်တွင် လူစုကွဲသွားခဲ့ပြီး အကြမ်းဖက်သူများအနက် အမျိုးသား တစ်ဦးအား လက်လုပ်သေနတ် တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ အကြမ်းဖက်သူများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ကမ်းပါးနီတံတား၏ အလယ်ကြမ်းခင်း၌ တစ်ပေပတ်လည်ခန့် နစ်နေရာ ပေါက်ပြဲပျက်စီးခဲ့ပြီး မော်တော်ယာဉ်များ ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်ကြောင်း သိရှိရသည်။

အလားတူ မတ် ၃၀ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဂန့်ဂေါမြို့ အမှတ်(၃) ရပ်ကွက်ရှိ မြစ်သာမြစ်ကူးတံတားထိပ်၌ စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အမျိုးသားနှစ်ဦး(စီစစ်ဆဲ)က အမှတ်(၃)ရပ်ကွက် လမ်းသွယ်အတွင်းမှနေ၍ တူမီးသေနတ်ဖြင့် လာရောက်ပစ်ခတ်ထွက်ပြေးသွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့သည်။

အထက်ပါ ပစ်ခတ်မှုဖြစ်ပွားသည့် နေရာသို့ အင်အားထပ်မံပူးပေါင်းဆောင်ရွက်နိုင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထွက်ခွာလာစဉ် မြို့မရပ်ကွက် တောင်ကုန်းဘုန်းကြီးကျောင်းအနီးအရောက်၌ ဘုန်းကြီးကျောင်းအောက်ခြေ တောင်ကုန်းပေါ်မှ ဘုန်းကြီးတစ်ပါးနှင့် မျက်နှာဖုံးအုပ်ထားသည့် အကြမ်းဖက်သူလူစုလူဝေးအင်အား ၁၀ ဦးခန့်က မြေနေရာအသာစီးရယူကာ တူမီးသေနတ်များဖြင့် ပစ်ခတ်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦး ထိခိုက်ဒဏ်ရာ အသီးသီးရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အဆိုပါအကြမ်းဖက်အဖွဲ့မှာ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါနေရာသို့ ပူးပေါင်းအဖွဲ့များ လိုက်လံရှင်းလင်းခဲ့ရာ ဘုန်းကြီးကျောင်းပတ်ဝန်းကျင်အနီး၌ ကျားကျေးရွာနေ မင်းမော်(၂၇) နှစ် (၁၁) ဦးထော်ဦးအား ထိခိုက်ဒဏ်ရာရရှိ သေဆုံးနေသည်ကို တွေ့ရှိရပြီး ၎င်းအနီးမှ တူမီးသေနတ် တစ်လက်၊ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ လက်လုပ်မိုင်း တစ်လုံး၊ ဖုန်းတစ်လုံး၊ လေးခွတစ်လက်၊ ဓားတစ်ချောင်း၊ မူးယစ်ဆေးဝါးဟု ယူဆရသော အမှုန့်များ ထည့်ထားသည့် ဆေးထိုးပိုက် နှစ်ခု၊ ခဲသီး ၁၀ လုံး၊ စတီးဘောစေ့ ၁၃ လုံး၊ ယမ်းမှုန့်ဘူး တစ်ဘူးတို့အား လည်းကောင်း၊ ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ပစ်ပြီးသား ကိုးလုံးကျည်ခွံ လေးခု၊ မပစ်ရသေးသည့် ကိုးလုံးကျည် တစ်တောင့်၊ လက်လုပ်ဗုံး နှစ်လုံး၊ လက်လုပ်မိုင်း နှစ်လုံး၊ ယမ်းထုပ် သုံးထုပ်၊ မီးလောင်ဗုံး ငါးလုံးနှင့် ရှူးဒိုင်း နှစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့သည်။


အလားတူ ဂန့်ဂေါမြို့နယ် တောင်ခင်ရမ်းကျေးရွာအနီး လုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များကို ဆူပူအကြမ်းဖက်သူ အင်အား ၃၀၀ ခန့်က ယနေ့နံနက် ၉ နာရီခန့်တွင် တူမီးသေနတ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သောကြောင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများ ဆုတ်ခွာသွားခဲ့သည်။ သို့သော်လည်း မွန်းလွဲပိုင်းတွင် ပြန်လည်စုဝေးလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လူစုလူဝေးအား ဖြိုခွဲခဲ့ပြီး ဆူပူအကြမ်းဖက်သူများအနက် ပြင်းပဒဏ်ရာရရှိခြင်းမရှိဘဲ နားစည်ကွဲ သေဆုံးလျက်ရှိသော အမျိုးသား တစ်ဦးကို တူမီးသေနတ် တစ်လက်၊ လက်လုပ်မိုင်း တစ်လုံးတို့ကို လည်းကောင်း၊ အမျိုးသား နှစ်ဦးကို တူမီးသေနတ် တစ်လက်နှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။


ထို့ပြင် ကလေးမြို့ တာဟန်းရပ်ကွက် တာဟန်းမီးပွိုင့်အနီး၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် လေးဦးအား ဆူပူအကြမ်းဖက်သူများက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသဖြင့် အဆိုပါတပ်ဖွဲ့ဝင်များ ပြန်လည်ရရှိရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးနှင့် ငြိမ်းချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှု၍ အကြမ်းဖက်အဖွဲ့အစည်း၏ ဆောင်ရွက်နေမှုများအား နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅

(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၃၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ

ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း

ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။




## ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောက်လုပ်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) Lot-3 လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ဥပဒေရုံး RC (၂)ထပ်ဆောက်လုပ်ခြင်းလုပ်ငန်း

(ခ) Lot-4 လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ဥပဒေရုံး ဝန်ထမ်းအိမ်ရာ RC (၄)ထပ်ဆောက်လုပ်ခြင်းလုပ်ငန်း

(ဂ) Lot-8 လှည်းကူးမြို့နယ်ဥပဒေရုံး RC (၂)ထပ် ဆောက်လုပ်ခြင်းလုပ်ငန်း

၂။ တင်ဒါနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁-၄-၂၀၂၁ရက်

(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၉-၄-၂၀၂၁ရက် (ညနေ ၄:၃၀နာရီ)

(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရန်နေရာ - ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး

(ဃ) Lot တစ်ခုချင်းအလိုက် တင်ဒါပုံစံ (၁) စောင်လျှင် ကျသင့်တန်ဖိုး - ၁၀၀၀၀ကျပ်/-

(င) တင်ဒါဖွင့်မည့်ရက် - ၁၂-၄-၂၀၂၁ရက် (နံနက် ၉:၀၀နာရီ)

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၃၇၁၃၅၆၊ ၀၉-၅၁၉၄၂၉၁

တင်ဒါကော်မတီ

ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး

# ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

Coronavirus Disease 2019 (COVID-19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် များ(ဖြေလျှော့ပေးထားသည့် ကိစ္စရပ်များမပါ)အား ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကမ္ဘာ့ပထမဆုံး တိရစ္ဆာန်ကိုဗစ်ကာကွယ်ဆေးကို ရုရှား ထုတ်လုပ် စာ ၁၄

ရွှေပြည်သာမြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား မီးရှို့ခဲ့သည့်ဖြစ်စဉ်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ် စာ ၁၈

# မြန်မာနိုင်ငံ၌ COVID-19 ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးစီးသူအရေအတွက် (၁)သန်းကျော် ရှိသွားပြီဖြစ်

နေပြည်တော် မတ် ၃၁

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် COVID-19 ရောဂါအား ထိန်းချုပ်၊ ကာကွယ်၊ ကုသမှု လုပ်ငန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိပြီး၊ COVID- 19 ကာကွယ်ဆေးထိုးနှံမှုကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ဆောင်ရွက်လျက်ရှိသည်။

မိမိတို့နိုင်ငံအတွက် ကာကွယ်ဆေးရရှိမှုအနေဖြင့် ပြည်ပနိုင်ငံများမှ လှူဒါန်းမှု အပါအဝင် ပထမအကြိမ် (၁)သန်းခွဲ၊ ဒုတိယအကြိမ် (၂)သန်း၊ စုစုပေါင်း (၃.၅) သန်းကို လက်ခံရရှိ ထားခဲ့ပြီးဖြစ်သည်။

ယနေ့အချိန်အထိ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့်လည်း ပထမအကြိမ် (First Dose) အတွက် ထိုးနှံပြီးသူဦးရေ (၁)သန်းကျော်နှင့် ဒုတိယအကြိမ်(Second Dose)အတွက် ထိုးနှံပြီးစီးသူဦးရေ (၄)သောင်းခန့် ရှိပြီးဖြစ်သည်။

ကာကွယ်ဆေး စတင်ထိုးနှံစဉ်က ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးခဲ့ပြီး ဆက်လက်၍ ဝန်ကြီးဌာန/ ဦးစီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းအားလုံး၊ ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းများမှ ဝန်ထမ်းများ (ဦးစားပေးအနေဖြင့် ဘဏ်ဝန်ထမ်း၊ ပို့ဆောင်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဝန်ထမ်းများ)၊ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ အသက်(၆၀)နှစ်အထက်ပြည်သူများအား ဦးစားပေးဆောင်ရွက်ပေးရမည့် လူအုပ်စုများအဖြစ် သတ်မှတ်ပြီး ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဆရာဝန်/ သူနာပြုများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စီမံအုပ်ချုပ်မှုကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များမှလည်း လာရောက်ထိုးနှံသူ ပြည်သူများ အဆင်ပြေစိတ်ချမ်းသာစွာ ထိုးနှံနိုင်ရေးအတွက် အားတက်သရော ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ *



# မန္တလေး- ဗန်းမော်သင်္ဘောခရီးစဉ် ပုံမှန်ပြန်လည်ပြေးဆွဲ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်ဌာနခွဲ (မန္တလေး)မှ မန္တလေး-ဗန်းမော်ခရီးလမ်းကို ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိရာ တစ်ပတ်လျှင် နှစ်ခေါက် (တနင်္လာ၊ ကြာသပတေး)နေ့များတွင် ဂေါဝိန်ဆိပ်ကမ်းမှ နံနက် ၆ နာရီတွင် ထွက်ခွာပေးလျက်ရှိပါသည်။

၂၉-၃-၂၀၂၁ ရက် (တနင်္လာနေ့) တွင် မန္တလေး- ဗန်းမော်ခရီးစဉ်အား ပင်လုံရေယာဉ်ဖြင့် ခရီးသည် ၁၁ ဦးနှင့် ကုန်တန်ချိန် ၃၂ တန်ဖြင့် ပြေးဆွဲခဲ့ပြီး ဗန်းမော်-မန္တလေးခရီးစဉ်အား ပြဒါးပျံရေယာဉ်ဖြင့် ခရီးသည် ၈ ဦးနှင့် ကုန်တန်ချိန် (၁၀)တန်ဖြင့် ပြေးဆွဲခဲ့ပါသည်။

(၁-၄-၂၀၂၁)ရက် ကြာသပတေးနေ့ နံနက်(၀၆: ၀၀)နာရီတွင် ထွက်ခွာရန် ပတိုင်းရေယာဉ် အဆင်သင့်ရှိပြီး ဖြစ်ပါသည်။ မန္တလေးမှ ကျောက်မြောင်း၊ တကောင်း၊ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်မြို့များသို့ လိုက်ပါစီးနင်းလိုသူ ခရီးသည်များနှင့် ကုန်တင်ပို့လိုသူများအနေဖြင့် ရေယာဉ်ဌာနခွဲရုံး၊ (၀၂-၄၀၃၆၀၃၅)နှင့် ဆိပ်ကမ်းမှူး (၀၉-၄၄၄၆၅၃၁၃၁)တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သတင်းစဉ်

## ဒေါ့မွန်မှ ဟာလန်းကို ခေါ်ယူရန် မအောင်မြင်ခဲ့ပါက ကိန်းကိုခေါ်ယူရန် ပစ်မှတ်ထားနေသည့် မန်စီးတီး

ပရီမီယာလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နေသည့် မန်စီးတီးအသင်းသည် ယခုနှစ်နွေရာသီတွင် ဘွန်ဒက်စ်လီဂါကလပ်ဒေါ့မွန်အသင်းမှ ဟာလန်းကို ခေါ်ယူရန် မအောင်မြင်ခဲ့ပါက စပါးအသင်းမှ ဟယ်ရီကိန်းကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မန်စီးတီးအသင်းသည် ယခုနှစ် နွေရာသီတွင် အသင်းမှ ထွက်ခွာတော့မည့် တိုက်စစ်မှူး ဆာဂျီယိုအဂွေရို၏နေရာကို အသက် (၂၀ နှစ်) အရွယ်ရှိ ဒေါ့မွန်တိုက်စစ်ကစားသမား ဟာလန်းဖြင့် အစားထိုးရန် ချိန်ရွယ်နေခြင်းဖြစ်သည်။ သို့သော်လည်း မန်စီးတီးအသင်းအနေဖြင့် အဆိုပါ တိုက်စစ်ကစားသမားကို အီတီဟက်သို့ စာချုပ်မခေါ်ယူနိုင်ခဲ့ပါက စပါးအသင်းမှ တိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူရန်ချိန်ရွယ်နေခြင်းလည်း ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၅ ◆




စပါးအသင်းမှ ဟယ်ရီကိန်း